# သခင့်စကား
## The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေး ရာ စာစောင်


> တရားစကားကို ကြား၍ ခံယူသဖြင့် ---အဆ တစ်ရာ ပွားများ၍ အသီး သီးတတ်သည်။
> မာ ၄း ၂၀


အမှတ်စဉ် (၁၁၅) မတ်လ ၂၀၁၁ ခုနှစ် ဓမ္မဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)


### နှလုံးသားချင်ခြင်း-၂ (မင်းအောင်သက်လွင်)



ဂါလိလဲလေး အိုင်နံဘေးက ၊ သဲမြေစပ်စပ် နွံထပ်ထပ်မှာ
ဖိနပ်မပါ ခြေဗလာဖြင့် သခင့်ခြေရာနှင့် ဘေးချင်းယှဉ်၍
ကျွန်ုပ်ပင်လျှင် လျှောက်ဖူးချင်သည်။
ငါးလုံးသော မုန့် ၊ ငါးလေး နှစ်ကောင်။ ခန္ဓာနွမ်းချောင် လူငါးထောင်အား
ညီမျှကျွေးရန် သခင်ကမ်းလာ ဝေမျှအစာကို
ကျွန်ုပ်ပင်လျှင် ခံတွင်း ရွှင်ရွှင် စားဖူးချင်သည်။
တိမ်လွှာထိလု မြက်ခင်းနုနှင့် ဆိတ်ငြိမ်ဘေးကွာ တောင်ပေါ်တစ်နေရာမှာ
သခင့် ဒေသနာ ပျားသကာကိုကျွန်ုပ်ပင်လျှင် နားနှင့် ဆတ်ဆတ် ကြားဖူးချင်သည်။
သို့ပေသော်ငြား -ကျွန်ုပ် လူသားမှာ တစ်ထောင့်ကိုးရာခွန်
သက္ကရာဇ်တွေ လွန်မှ လူသားဖြစ်ခွင့် ရခဲ့သူမို့ -
သခင့်ခြေရာ လျှောက်ဖူးချင်လဲ - သခင့် ဝေစာ စားဖူးချင်လဲ -
သခင့် ဒေသနာ ကြားဖူးချင်လဲ -
လျှောက်ခွင့် မရ ၊ ကြားခွင့် မဆုံ ၊စားခွင့် မကြုံ ခဲ့ရသူမို့
သခင့် ကျမ်းစကား ခါခါကြားရင်း ၊ နှလုံးသားမှာ ချင်ခြင်း တပ်လာ
သခင့်ကိုသာ ရင်တွင်းထဲမှာ ထာဝရ သိုကာ ထားလိုက်ချင်သည်။
ဤမည်သည်ကား ကျွန်ုပ်၏ နှလုံးသား ချင်ခြင်းတည်း။ ။



---

### ရှက်သေးရင်မချစ်သေးလို့ပါ Samuel Soe Lwin



ခရစ်တော်ရဲ့လူမို့ ကဲ့ရဲ့ဝိုင်းပယ်
ပြက်ရယ်ပြုတာအတွက် မင်းရှက်ကြောက်နေသလား။
ငွေကြေးပေးဝယ် စားသောက်ရာ၌ ချီးမွမ်းခြင်းမပြု
ရှက်ကြောက်စားသောက်နေသလား။
သူ့ကျေးဇူးကြောင့် ထာဝရအသက်ရခဲ့တယ်
သူ့ မစမှုကြောင့် ပူကြောင့်ကြကင်း စားရတယ်
ဒါတွေကိုမတွက် ရှက်ကြောက်တတ်သေးရင်
မင်း... သူ့ကိုမချစ်တတ်သေးလို့ပါ။



---

### နေအာရုဏ်သည်တောင်ထိပ်တို့ကို နံပြားသကဲ့သို့

ယောလ၊ ၂း၂ ``ဝတ်ပြုရာကျမ်း´မှာ `မောရှေ´ အားဖြင့် ပြဋ္ဌာန်းထားတာကတော့ လူမျိုးတော် ဣသရေလကို ဘယ်လို ဝတ်ပြု ကိုးကွယ်ကြရမယ်ဆိုတာနဲ့ နေ့စဉ် အသက်တာ ကျင့်ဝတ် အဖြာဖြာတို့ပဲဖြစ်ပါတယ်။ သခင်ဘုရားရဲ့ ရည်ရွယ်ချက်က ပညတ် တော်များကို တိတိကျကျစောင့်ရှောက်မှ ကယ်တင်ခြင်းရမယ်ဆိုတဲ့ အယူဝါဒ ကြောင့် စိတ်ဒုက္ခ ရောက်စေဖို့ မဟုတ်ပါဘူးတဲ့။ အဓိက အချက်က `သန့်ရှင်းခြင်း´ ကို သူ ဘယ်မျှ အလေးထားကြောင်း အခြေခံမှုများ ထပ်လောင်းလို့ ချပေးထားတာ ဖြစ်တယ်တဲ့လေ။ ဤကျမ်းပါ စကားများ ကျွန်ုပ်တို့နဲ့ မအပ်စပ် ငြီးငွေ့ဖွယ် ဖြစ်ရပ် တွေလို့ ဆိုပေမယ့် ဘုရားပေးထားတဲ့ အခြေခံမှုများမို့ နေ့စဉ်စောင့်ရှောက် သတိနဲ့ လျှောက် ဖို့ တော့ လိုနေပါတယ်။ ပထမ အချက်က - ယုံကြည်သူ သားသမီးများကို အသိ တရားနဲ့ သန့်ရှင်းစွာ အသက်ရှင် ဆက်ကပ် အစေခံစေချင်ပြီး ကိုယ်ပြုသမျှ အပြစ် တရားတွေဟာ ဘုရား အား ပြစ်မှားခြင်းပဲ ဆိုတာသပြီး ဘုန်းတော် ထိပါးခြင်း တွေ မဖြစ်စေချင်ဘူးတဲ့။ ဒုတိယအချက်- အပြစ်အနာအဆာ ကင်းတဲ့ ယဇ်ပူဇော်ခြင်း အစစ်ကို လိုအပ်ကြောင်း အလေးပေး ဖေါ်ကျူးလို့ ကျွန်ုပ်တို့ထံမှ အကောင်းဆုံး အရာကို သူမျှော်လင့်ကြောင်း တစေ့ တစောင်း သတိပေးထားတာတဲ့။ တတိယ အချက် - သန့်ရှင်းသော ဘုရားကို ဝတ်ပြုကိုးကွယ်သူတို့ သတိပြုဖို့က ဦး ဆောင်သူ ရော နောက်လိုက်သူပါ မှန်ကန်တိကျ သေချာလှတဲ့ ပြင်ဆင်မှု အလေး အနက် ပြုရမယ်တဲ့။ စတုတ္ထအချက်က - ကရာနီကုန်းထက် ကားတိုင်တက်ခဲ့တဲ့ သခင်ရဲ့ ပေး ဆပ်ခြင်းဟာ လောကသား အပေါင်း အတွက် အသွေးသွန်းလောင်း အပြစ် လွှတ် ကြောင်းကို အကြွင်းမဲ့ လိုအပ် နောက်ထပ် ညွှန်ပြချက်ပါတဲ့။ ဒါတင်မကပါဘူး - ဤ ကျမ်းပါ အဓိက စကား မှတ်သားသင့်တာက `သန့်ရှင်း ခြင်း´ ဆိုတာ ပါပဲ။ လောက အရာ ဖယ်ခွါ။ လောကုတ္တရာရေးရာ စုံမက်။ ဘုရားနဲ့ နီးကပ်စွာ နေထိုင်လျက် အလို တော် အတိုင်းဂန်ခံ၊ အသက်တာကို အပ်နှံလို့ သန့်ရှင်းသော လက်များ၊ ဖြူစင်သော နှလုံးသားနဲ့ သခင့်ထံ တိုးဝင် တရားတော်ကို ဆင်ခြင်ကြဖို့ ဤကျမ်းကို စီရင် မှတ်တမ်း တင်ထားတာပါတဲ့။ ။ မလွမ်းသူ(ပဲခူး)

---

### "Sweet December နှင့် happy new year" ပန်းနုရောင် (တောင်ငူ)

'Happy new year' 2011, ဘုရားသခင် ပို့ဆောင်သဖြင့် နှစ်ဟောင်း ကုန်လို့ နှစ်သစ်ရဲ့ တတိယ လ ဖြစ်တဲ့ မတ်လကို တစ်ဖန်ဝင်စားခွင့် ရောက်ကြ ရပြန်ပါပြီ။ ဘုရားသခင်ရဲ့ မျက်နှာသာ ပေးမှုကြောင့် နှစ်သစ်ကို အတူတကွ ဝင်ရောက်ခွင့် ရသလိုဘဲ ကျော်လွန်ခဲ့တဲ့ ဘဝခရီးရဲ့ အစိတ် အပိုင်းကို ပြန်လှည့် ကြည့်မိတော့ အမှုမဲ့ အမှတ်မဲ့စွာ ဖြတ်သန်းခဲ့တာတွေ လည်းရှိပါတည်။ နံနက်ခင်းမှာ နေထွက်၍ ညနေမှာ နေဝင်ခဲ့သည့်အတိုင်း နေ့ရက်များကို သဘာဝ တခုလို လွန်မြောက် ခဲ့မိပါတယ်။ ဘာမှမထူးဆန်းတဲ့ သဘာဝတရားလို့ အောက်မေ့ပြီး အလိုက်သင့် နေထိုင်ခဲ့ခြင်းနှင့်တကွ တစ်ခါတရံ ပင်ပန်းရသောအချိန်များမှာ ဘဝဆိုတာ ခံစားဖို့၊ ပေးဆပ်ဖို့၊ ဒုက္ခခံဖို့မွေးဖွားလာကြရတာဘဲလို့ ထင်မှတ် မှားမိပါ တယ်။ ပန်းနု ဒီစင်ကာပူမှာ မမျှော်လင့်ဘဲ ဖုန်းထဲကတစ်ဆင့် ခင်ရတဲ့ သူငယ်ချင်း (မောင်လေးဆို လဲဟုတ်) တစ်ယောက် ရှိပါတယ်။ သူက သူ့ရဲ့နာမည် Moon ဆိုတာနဲ့ လိုက်အောင် ကောင်းကင်ပေါ်က ဖိုးလမင်းကြီးလိုဘဲ လဆန်း(၇)ရက်၊ လပြည့် (၇)ရက်၊ ကျန်တဲ့ရက်တွေက လမိုက်ရက်တွေပေါ့။ Good morning, နေကောင်းလား? စားပြီးပြီလား? သူမေးတဲ့အခါ လဆန်း(၇) ရက်ပေါ့ ကျွန်မရဲ့ သူဌေးမ ကြောင့် ဂမ်းနည်းစွာငိုရလို့ "ဒီနေ့ ငါငိုရပါတယ် Moon ရယ်"လို့ ပြောမိရင် သူက မကြာမကြာ ငိုသေးလားလို့ မေးပြီး အားပေးစကားနဲ့ ကောင်းတာလေးတွေဘဲ ရွေးပြီး ပြောတတ် တဲ့အခါ လပြည့် (၇)ရက်ပေါ့။ ညကြီးမိုးချုပ်မှ ကားနှစ်စီး တခါတည်း ဆေးပြီး ပင်ပန်း တဲ့အခါ "မောလိုက်တာ" လို့ပြောရင် "ဂမ်းသာတယ်" လို့ပြန်ပြောတတ်တာ။ သူ့ရဲ့ လမိုက် ရက်တွေပေါ့။ သူက အပတ်တိုင်း church မှာ မပါ မပြီးတဲ့ ငါးပိချက် တွေပေါ့။ Sunday တိုင်း Church သွားတယ်။ တခါတရံ စနေနေ့ ညကတည်းက သိုင်းကွက် နင်းပြီးတော့လဲ သွားအိပ်တတ်ပါတယ်။ ဆရာတော်က အဂတ်လဲ ပေးရတဲ့အထိ နောက်နေ့ မနက်မှ "တို့တွေညက church ကိုဘယ် လိုရောက်လာပါလိမ့်တဲ့" အဲဒါနဲ့ပဲ ဆရာတော်ရဲ့ တရားဟောချက်ထဲကို ပါသွားရပါသေးတယ်။ ဝတ်ပြုချိန်မှာ နေရာ မလောက်လို့ အလိုက်သိစွာ အပြင်မှာနေပြီး အပြင်မှာ ထိုင်တဲ့ ကောင်မလေး လှလှ လေးတွေကို ငေးနေရတဲ့အတွက် ဒီနေ့ ဘာတရား ဟောလဲလို့မေးရင် သူဘာမှ မသိပါဘူး။ အဲဒီလို အစေခံ တော်တာပါ။ ခုဒီလက march ဆိုတော့ လွန်ခဲ့တဲ့ December လက အကြောင်း စာဖတ်သူတို့ကို ရေးပြချင်သေးတယ်။ ကျွန်မက လရဲ့ ပထမပတ်မှာ day off ရပါတယ်။ ဒါနဲ့ 1st December မှာ day off ဆို တော့ ကျေးဇူး တော်ဘဲပေါ့။ Sweet December လဲဟုတ်၊ ပွဲတော်လဲ စားရ၊ သခင့်စကားလဲ ဖတ်ရ၊ အစ်မ တွေနဲ့လဲ တွေ့ရမယ်ပေါ့၊ ပီတိတွေ တပွေ့တပိုက်ကြီးနဲ့ စိတ်နှလုံးကို အသကုန် ပြင်ဆင် ထားတယ်လေ။ Sunday မတိုင်ခင် စနေနေ့ နေ့လည်ကျမှ သူတို့ ခရီး သွားရမယ် မနက်ဖြန် ပေးမထွက်ဘူးတဲ့၊ သူဌေးက ပြောတယ်။ ဂမ်းနည်းလိုက်တာ ပြောမ နေပါနဲ့တော့။ အလုပ် လုပ်ရတာ အားမရှိဘူး ဖြစ်သွားတယ်။ အားရပါးရလဲ ငိုပစ် လိုက်တယ်။ နောက်နေ့ ၆း၀၀ နာရီထိုးခါနီး ပြန်ရောက်လာပြီး မိုးချုပ်တော့ ကားတွေ တစ်စီးပြီး တစ်စီး ဆေးခိုင်းပါတော့တယ်။ အဆူခံလဲ ထိပါသေးတယ်။ ငိုလဲ ငို၊ မောလဲမော၊ ဗိုက်လဲဆာနဲ့ ၁၀ နာရီခွဲမှ ကွန်ဒိုပေါ် ပြန်တက်ရပါတယ်။ အဲဒီ

အချိန်မှာ ဘုရားသခင်ကို မေးမိပါတယ်။ ကျွန်မ အတွက် Sweet December ဆိုတာ ဒီလိုကြီးလား။ နဲနဲမှ မချိုမြိန်ပါလားလို့ စောဒက တက်မိ ပါတယ်။ နောက်တော့ Moon က ပြောပြပါတယ်။ တစ်ချို့ ကျွန်မလို ဘဝ တူတွေဆိုရင် Church ကို သွားချင်တယ် ပိုက်ဆံ မရှိလို့ Taxi စီးလာပြီး ရောက်မှ ဆရာတော်တွေက ပိုက်ဆံရှင်းပေး၊ တစ်ချို့က ခရစ်ယာန် Taxi သမားတွေက ကိုယ်ချင်းစာပြီး အလကားပို့ပေး၊ အလှူငွေ မရှိ သူတွေ စုံလို့ပေါ့လေ၊ အဲဒါတွေ သိလိုက်ရတဲ့အချိန်မှာ သူတို့တွေအပေါ် ကြင်နာမိသလို၊ ကိုယ့်ရဲ့ လက်ထဲမှာရှိနေတဲ့ ကောင်းကြီးတွေကို ပြန်ရေတွက်မိပါတယ်။ ကျွန်မ အတွက် ဟောဒီ စင်္ကာပူမှာ လိုအပ်သမျှကို ကြင်နာစွာနဲ့ အဆင်သင့် ဖြည့်ပေးနေတဲ့ အစ်မတွေ ရှိတဲ့အတွက် ဘုရားကျောင်းသွားဖို့၊ အလှူငွေ မပူပင်ရတဲ့ ဘဝမှာ ဘာကြောင့် ကိုယ်တော့်ကို မေးခွန်းထုတ်မိပါလိမ့်လို့ အမှားကို ပြန်ဆင်ခြင်မိလိုက်ပါတယ်။ The Lord's Word ဆိုတဲ့ သခင့်စကားစာစောင်ကို အစ်မတွေက ယူထားပေးပြီး၊ ပွဲတော်လဲ 2nd week မှာ ရှိနေသေးတာဘဲ The Lord's Word နဲ့ Boy's Brigade Church က ဘယ်ကိုမှ ထွက်မပြေးပါဘူး။ ဟုတ်တယ် ဟုတ်။ ရောက်အောင် သွားဖို့ဘဲ လိုတာပါ။ ဒါကြောင့် အဲဒီအချိန်မှာ ကျွန်မလို ထပ်တူထပ်မျှ ခံစားရတဲ့သူများ ရှိခဲ့ရင် ဂမ်းနဲစရာကို မတွေးဘဲ လက်ရှိ မိမိလက်ထဲက ကောင်းကြီးကိုဘဲ ပြန်ရေတွက်ပြီး ကျေးဇူးတော် ချီးမွမ်းစေချင်ပါတယ်။ ထို့အတူ လူသားတွေရဲ့ ဘဝတစ်ခုစီတိုင်း အတွက် အလိုတော်နှင့်အညီ ဖန်ဆင်းရှင်၏ အကြံအစည်တော်အောက်မှာ အဓိပ္ပါယ် တစ်ခု စီတော့ သေသေချာချာ ရှိပါသည်။ ပခုံးနှစ်ဘက်ကြားမှာ ခေါင်းပေါက်တာ ချင်း တူတူ၊ အသက်ရှူတာချင်း အတူတူ လူနေမှုအဆင့်တန်းတော့ မြင့်မားပါရဲ့ ဆက်ဆံရေးနှင့် စိတ်သဘောထားတွေ ကွဲပြား၊ အသိတရား နည်းပါးလွန်းလှတဲ့ စင်္ကာပူ နိုင်ငံကြီးမှာ 2011 ခုနှစ် တစ်နှစ်လုံး ကုန်အောင် နေရအုံးမှာပါလား ဆိုတဲ့ အတွေးကလဲ ခံစားဖို့၊ ပေးဆပ်ဖို့ ဒုက္ခခံဖို့ ဆိုတဲ့ ဝေဒနာတွေ လိုပါဘဲလေ၊ စိတ်ပျက် အားငယ်စရာတွေကို မတွေးဘဲ ကိုယ်တော်၏ မျက်နှာတော်ကိုသာ မျှော်ကြည့်ကာ ပဌနာပြု၍ အလိုတော်နှင့် အညီ အသက်ရှင်နိုင်ဖို့ရန်သာ ကြိုးစားကြရတော့မှာပေါ့နော်။

---

## သက်သေခံချက် Jun Joy (Thomson)

ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည် အကြောင်းကို မြည်းစမ်း၍ သိမှတ် ကြလော့။ ကိုယ်တော်ကို ခိုလှုံသောသူသည် မင်္ဂလာရှိ၏။ (ဆာလံ ၃၄း၈)

ကျနော့် နာမည် Joy ပါ။ နိုဝင်ဘာ 7 ရက်နေ့ 2010 က ဗတ္တဇံခံပါတယ်။ ကျနော်က မယုံကြည်သူ မိသားစုက ပြောင်းလဲလာသူပါ။ ကျနော့်ရဲ့ ဘကြီးက ဘာသာရေး ခေါင်းဆောင် ဆိုတော့ အစ်ကို ၊ ညီတွေ နဲ့။ တူ ကလည်း ဘာသာရေး သမားတွေပါပဲ။ အတိုချုံးကတော့ ကျနော်ဟာ မယုံကြည်သူ၊ ဘာသာရေး အရမ်းလိုက် စားတဲ့ မျိုးရိုးထဲကပါပဲ။ ဒီနေ့ ဒီ အသိုင်းအဝိုင်းထဲက ကျနော် ဘာကြောင့် ထွက်လာ သလဲ။ ကျေးဇူးတော်ကြောင့် ထွက်လာရခြင်းပါ။ ကျနော် စင်္ကာပူမှာ ဗတ္တိဇံ ခံယူတယ် ဆိုတာ မိဘ အသိုင်းအဝိုင်းတွေ မသိကြပါဘူး။ သိရင်တော့ မိတ်ဆွေပဲ စဉ်းစား ကြည့်ပါတော့။ ကျနော် ခရစ်တော်ကို လွန်ခဲ့သော 1995 က စတင်ပြီး သတင်းကောင်း ကြားခဲ့ရပါတယ်။ ကြား တာထက် မြင်တာက ပိုပြီး အမှတ်ရစေခဲ့ပါတယ်။ သခင်ယေရှုရဲ့ ဘဝဇာတ်ကြောင်းကို ရိုက်ကူးထားတဲ့ ရုပ်ရှင်ဇာတ်ကားကို နယ်လှည့် ဧဝံဂေလိ သတင်းကောင်း ကြားပြောတဲ့အဖွဲ့က ခရစ္စမတ် ည 25 ရက်မှာ ပြလို့ကြည့်ခဲ့ရပါတယ်။

ဇာတ်ကား စကထဲက သိပ်စိတ်ဝင်စားမှု မရှိခဲ့ပေမယ့် ပင်လယ်လှိုင်းတွေလေ မုန်တိုင်းတွေကို တန်ခိုးတော်နဲ့ ငြိမ်စေတဲ့ အခန်းရောက်တော့ ဒီပုဂ္ဂိုလ်က တန်ခိုးရှင်ပဲ ဆိုတာ သိလိုက်ရတယ်။ ခက်တာက ဒီတန်ခိုးရှင်က ထူးထူး ဆန်းဆန်း တွေကို လူတွေ စိတ်ဝင်စားအောင် မလုပ်ပြဘူး။ တစ်ကယ် အခက်အခဲ ဖြစ်တဲ့အခါမှ ပြတယ်။ ကျနော်ကလည်း ကျောင်းသား အရွယ် ကလေးငယ်ဘဝဆိုတော့ အချိန်တိုင်း တန်ခိုး ပြစေပြီး အံ့သြဘွယ်တွေကို လူတွေကို လုပ်ပြစေချင်တယ်။ အတိုချုံး ရေးပြ ရရင်တော့ နောက်ဆုံး လက်ဝါးကပ်တိုင် မတက်ခင် ပိလတ်မင်းကြီးက သေဒဏ် ပေးတဲ့စာကို ချလိုက်ရော ကျနော် လည်း မျှော်လင့်ချက် ပျက်သွားရော။ ဒီနေရာမှာ စာဆက် မရေးခင် ရေးပြချင်ပါတယ်။ ကိုယ်တော် မျှော်လင့်ချက်မဲ့ စေခဲ့တာ ဒီနေ့ ကျနော်တို့ အသက်တာမှာ မျှော်လင့်ချက် ပြည့်စေဖို့ပါ။ စာပြန် ဆက်ပါရစေ။ ပြီးတော့ လူတွေ ကလည်း ဝိုင်းပြီး ကဲ့ရဲ့စကား ပြစ်တင် စကားတွေဆိုကြနဲ့၊ တံတွေးနဲ့ ထွေးကြနဲ့ သူ့ကို ဆရာတင်တဲ့ တပည့်တွေ ကလည်း တစ်ယောက်မှ လာမကူကြဘူး။ မျက်နှာကို အဝတ်နဲ့ အုပ်ပြီးတော့လည်း ထိုးနှက် ကြတယ်။ ခေါင်းပေါ်မှာလည်း ဆူးခတ် သရဖူကို တင်ပေးသေးတယ်။ သွေးတွေက စီးကျ၊ ပိုပြီး ဆိုးတာက သူ့ကားတိုင်ကို သူကိုယ်တိုင် ထမ်းရတယ်။ နောက် ကနေ ကြာပွတ်နဲ့လည်း ရိုက်တယ်။ ကျနော်က တော်တော် စိတ်တိုနေပြီ။ တန်ခိုး ရှိရဲ့နဲ့ ဘာလို့ ပြန်မချတာလဲပေါ့။ ကျနော် စိတ်ပျက်သွားခဲ့တယ်။ ဒါပေမယ့် ဒီမင်းသား အပေါ်မှာတော့ မျှော်လင့်ချက်တစ်ခုတော့ ထားသေးတယ်။ အဲ့ဒါကတော့ သူလက်ဝါးကပ်တိုင်ပေါ်ကနေ တန်ခိုးနဲ့ ဒဏ်ရာတွေကို ပြန်ပျောက်အောင်လုပ်ပြီး ဒီလူတွေကို လက်စား ပြန်ချေမယ်ပေ့ါ။ သို့သော်လည်း ဇာတ်ကားသာ ဆုံးသွားတယ် ကျနော့်ဆန္ဒ မပြည့်ခဲ့ပါဘူး။ ဇာတ်ကား ဆုံးသွားတော့ ဧဝံဂေလိပြောတဲ့ သူတွေကလည်း ဒီပုဂ္ဂိုလ်ရဲ့ မေတ္တာတရားနဲ့ သီးခံခြင်းတရား အကြောင်းတွေပဲ စိတ်ပျက်စရာ ဆက် ပြောပါလေ ရော။ သူက လူသားတွေကို ကယ်တင်တဲ့အရှင် ဖြစ်ကြောင်း လူသားတွေအားလုံးဟာ အပြစ်သားတွေ ဖြစ်ကြောင်း ငရဲကိုပဲ နောက်ဆုံး သွားရမည် ဖြစ်ကြောင်း စုံနေတာပဲ ပြောတယ်။ အဲ့ဒီလူတွေ ပြောမှ အလိုလိုနေရင်း အချောင်ပေါက် ကနေ ငရဲကို ရောက် တော့မယ် ဆိုပြီးတွေးမိတယ်။ ကျနော်ကတော့ စိတ်ပျက်မိတာ အမှန်ပါပဲ သူ့ကိုယ်သူ တောင် မကယ်နိုင်တဲ့သူကို ဒီလူတွေက ဘာလို့ ကိုးကွယ် နေကြနေတာလဲ။ သူတို့ရဲ့ ကိုးကွယ်မှုက ဘယ်လိုကြီးလဲ တွေးစရာ အများကြီး ပေးသွားတယ်။ ဘာလို့ သူ့ရဲ့ ကောင်းကြောင်းတွေပဲပြောပြီး လူတွေက သူတို့ ဘာသာထဲပါအောင် ဆွယ်နေကြသလဲပေါ့။ ဒီလိုနဲ့ပဲ တစ်ဖက်သတ် အမြင် တွေနဲ့ဘဲ မြင်ပြီး အရွယ် မရောက်ခင် စီးပွား ရေး လမ်းကြောင်းထဲ ကျနော် ရောက်သွား ခဲ့တယ်။ စာသင်ရမဲ့ အရွယ်မှာ စာမသင်ပဲ အဆင့်ကျော်ပြီး စီးပွားရေး လောကထဲ ရောက်သွားပါတယ်။ ပညာသင် နေလို့ အချိန်ကုန်တယ်။ ပညာက ကြော်စားလို့ မရဘူး။ စီးပွားရေးရှိမှ ငါ့ဘဝ ငါ့မိသားစု အေးချမ်း မယ်။ ငွေရှိမှ လူရာဝင်မယ်။ ငွေမရှိရင် လူတွေက နှိမ်တယ်။ ပိုက်ဆံ ရှိအောင် လုပ်မယ် ဆိုတဲ့ တစ်ဘက်စွန်းရောက်တဲ့ စိတ် တစ်ခုထဲနဲ့ ကျနော် မကျွမ်းတဲ့ နယ်မြေ တွေကို မျက်စိသူငယ် နားသူငယ်နဲ့ ဝင်ရောက်သွားပါတယ်။ ဘဝက တကယ်ရုန်းကန် ခဲ့ရတာ အရမ်း ပင်ပန်းပါတယ်။ ကျနော် ရောက်သွားတဲ့ နယ်မြေတွေက ကချင် ပြည်နယ်/စပ်၊ နာဂ တောင် တန်း၊ မေခ မလိခ၊ တနိုင်းခ။ မြစ်ကြီးနား၊ အကျဉ်းထောင် သား များကြား၊ တာမခန် ဟောင်းပါး၊ ဖားကန့်၊ စိုင်းတောင်စတဲ့ ကျနော်နဲ့ ဘာမှ မဆိုင်တဲ့ နယ်မြေကြမ်းတွေမှာ လှိုင်းပုတ်တဲ့ လှေလို ဘယ်လိုမှ မတည်ငြိမ်ပဲ ဖြတ်သန်း ခဲ့ရပါတယ်။

မြေအောက် ကျောက်တွင်းထဲ ကျောက်မိုင်းတွေခွဲ၊ ရွှေတူး မြေတွေပြို KIA တပ်သားတွေ မူးလာရင် M16 နဲ့ထင်ရာမြင်ရာ စွတ်ပစ်တဲ့ကြား ရောက်၊ လူပွဲစားနဲ့ တိုးပြီး ကျင်းသားအဖြစ်နဲ့ ရောင်းစားခံ ဘဝရောက်။ ရောင်းစားတဲ့ ကျင်းမှာ အကြွေး ကျေတော့ နောက်တစ်ကျင်း ပြောင်း၊ နောက်တစ်ကျင်းကနေ နောက် တစ်နယ်မြေ ပြောင်း လူလည်း ခါလီပဲ ကျန်တော့တယ်။ ဟိုဘက်နယ်မြေ၊ ဒီဘက်နယ်မြေကို သွားတဲ့ ကားကြမ်းကိုတောင် ပေးစီးစရာ ပိုက်ဆံ မရှိလို့ နှစ်ညအိပ် သုံးညအိပ် ခြေကျင် လျှောက်။ ရောက်တဲ့နေရာ အိပ်။ ချောင်းတွေ ဖြတ်။ ရေတိမ်၊ ရေနက် မသိ။ မိကျောင်း ရှိမှန်းမသိ ဘာရှိမှန်းမသိ သွားခဲ့တာတွေက ခြေထောက်က နာ ဗိုက်က ဆာ၊ တွေ့တဲ့ရွာ တွေ့တဲ့ဘုန်းကြီးကျောင်းမှာ ဝင်တောင်းစား။ အာဟာရက မပြည့်စုံ ကျန်းမာရေးက ဖောက်။ သောက်စရာ ဆေးကမရှိ။ တစ်ကယ့်ဒုပေမှ ဒံပေ။ ငှက်ဖျားက ၁၅ ရက် တစ်ခါဖြစ်၊ သောက်စရာဆိုလို့ ရေနွေးပဲ ကျိုသောက်ရတယ်။ ငှက်ဖျား အရှိန်ပြေတဲ့အထိ ရေနွေးပူပူသောက်ပြီး စောင်စုတ် အထပ်ထပ်နဲ့ ပြန်ကုသလို့ မသေပဲ ရှင်သန်ခဲ့ရတယ်။ ခုမှ ဒါတွေကို ပြန်တွေး ကြည့်တော့ ဘုရားသခင် အလိုတော်ရှိတဲ့ Joy ဖြစ်ဖို့ မသေ မပျောက်ခဲ့တာပါလားလို့ သိမြင်ပြီး ကျေးဇူးတော်ကို ချီးမွမ်းခြင်း ပဲ တတ်နိုင် ပါတော့တယ်။ ဒီနယ်မြေတွေ တစ်လျှောက် ကျနော် ရောက်တဲ့ နေရာတိုင်းမှာ လက်ဝါး ကပ်တိုင်တွေ တွေ့ရတယ်၊ မြင်ရတယ်။ ကျနော် တွေ့ချင် မြင်ချင်တာက ရဟန်း သံဃာတော်၊ ဒီလောက် ဒုက္ခတွေကြားမှာ ရဟန်းတစ်ပါးပါးများ ဖူးရရင်တော့ ဒါဟာ ရဟန်း၊ ဒါပဲ ငါ့ကို ကောင်းချီးပေးဖို့ ကိုယ်ထင်ပြပြီး အလှူခံတာပဲဆိုတဲ့ စိတ်နဲ့ လှူဖို့ တန်းဘို့ အမြဲ မျှော်လင့်ခဲ့တယ်။ ကျနော် သေသွားရင် ဘာမှ မလှူရ မတန်းရ သေးဘူး၊ ကိုယ့်ကိုယ်ကို ငရဲရောက်မှာ သေချာတယ် ဆိုတာ တွက်ထားတာလေ။

ဒါပေမယ့် ခုမြင်ရတဲ့ လက်ဝါးကပ်တိုင်တွေကို ကြည့်မိတိုင်း 1995 က ရုပ်ရှင်ကားကို အမြဲတမ်းမြင်ပြီး စိတ်ထဲမှာ မတင်မကျနဲ့ပဲ ပြီးပြီးသွားတယ်။ ရှေ့ဆက်လို့ ဒီပုဂ္ဂိုလ် အကြောင်းလည်း မစဉ်းစားချင်ဘူး။ ဒီလိုနဲ့ပဲ ကျနော်ဟာ သူဌေး မဖြစ်ပဲ ကျောင်းသား ဖြစ်ပြီး ကျနော့်ရွာကို ကျနော်ပြန်ရောက်လာခဲ့တယ်။ လူလည်း တောပုန်းဒမြ ရုပ်ပေါက်နေတယ်။ စိတ်တွေက အရမ်း မာကျောနေတယ်။ ဒါနဲ့ ရွာ ရောက်တော့ ဘကြီး အုပ်ချုပ်တဲ့ သာသနာကျောင်းက လက်ထောက်ခေါင်းဆောင်နဲ့ ကျောင်းမှာပဲ အချိန်ပြည့် အချိန်ကုန်ခဲ့တယ်။ လက်ထောက်က ငယ်ငယ်ပဲ ရှိသေး တယ်။ အရင်တုန်းက သူနဲ့ အတူနေခဲ့ကြတာဆိုတော့ ကျနော်လည်း ရောက်တော့ ပွဲကျ သွားတာပေါ့။ ရွာထဲက ရှိသမျှ ဘုစုခရုတွေရော၊ နပ်ချေး တွဲလောင်း ဘာ တွဲ လောင်း

တွေရော ကလေး အကြီးအလတ်တွေကို တန်းကျောင်းစာနဲ့ အတူ ယဥ်ကျေးမှု သင်တန်းကို သင်ပေးရင်း ကျောင်း ဂေယျာဂစ္စ၊ ကျောင်းဆောက်တဲ့ ကိစ္စတွေ သာရေး နာရေးတွေဆို အကူ အဖြစ်နဲ့ ရွာစဉ်လိုက်ပေါ့။ သာသနာ အဆောက်အဦး ပျက်တွေကို ဘာသာရေး စိတ်ဂင်စားတဲ့ လူငယ်တွေနဲ့ ခြုံရှင်း၊ အဆောက်အဦး ပျက်တွေကို ထုံးသုတ် စတဲ့ ကောင်းမှုတွေ လုပ်ခဲ့ပါတယ်။ မိတ်ဆွေ ဒီလောက်ထိ ညွှန်းနေတာ ကျနော် တော်လို့ မဟုတ်ပါဘူး။ ကျနော် အပါယ်ငရဲ မကျအောင် ကောင်းမှု ကုသိုလ်တွေ ပြုလုပ်နေခြင်းပါ။ ပြီးတော့ ဒီ လုပ်ဆောင်ချက်တွေဟာ ကျနော့်ဘဂရဲ့ အသက်တာ ပြောင်းလဲတဲ့အခါ သခင်ယေရှု အတွက် အထူး ဆက်တင်တွေ လုပ်နေ ခြင်းပါ။ မကြာခင် စင်္ကာပူမှာ ပြောင်းလဲမဲ့ သခင် ခရစ်တော်ဘုရားအတွက် ဆက်တင် ပြင်ဆင် နေခြင်းရယ်သာပါ။ ကျနော့် အတွက်တော့ ဒီလို ဒီလိုကောင်းမှုတွေ လုပ် ထားပြီ။ မိဘတွေ အတွက်တော့ ဘာလုပ်မှာလဲ သူတို့တွေအတွက် နောင်ရေး အေးချမ်းစေချင်လို့ သာသနာ အဆောက်အဦးတစ်ခုနဲ့ တံတိုင်းခန်းတွေ ကျောင်း သွပ်မိုးတွေကိုပါ လှူခဲ့ပါ သေးတယ်။ စာရှုသူ မိတ်ဆွေ၊ ဒါတွေကို ကျနော် လုပ်နေတာ ဟာ ကျနော် အကြောက်ကြီး ကြောက်နေတဲ့ အပါယ်ငရဲမှ လွတ်အောင်လို့ပါ။ ဂါကြွား ချင်တယ်လို့ မထင်ပါနဲ့။ သူလိုကိုယ်လိုဘဂနဲ့ ရွှေပြည်စိုး သူ့ထက်ကဲ ဒီထက် ပိုဆိုးတဲ့ အခက်အခဲကြားတွေ ထဲကနေ လုပ်ခဲ့ ရတာပါ။ “မရှိလို့ မလှူ။ မလှူလို့ မရှိ” စကားကို ထောက်ခံရင်း လုပ်ခဲ့ တာတွေ ပါ။ ဒီနေ့ Joy ဖြစ်နေတဲ့ ကျနော်ဟာ ဘာမှမဟုတ်ပဲ ဘုရားသခင်ရဲ့ ချစ်ခြင်း မေတ္တာ သက်သက် ကျေးဇူးတော်ကြောင့်ဆိုတာ ဂန်ခံခြင်း တစ်ခုပဲ ရှိပါတယ်။ ဘုရား သခင် သနားခြင်း ဂရုဏာသက်သက်ပါပဲ။ ကျေးဇူးတော်ပဲ ချီးမွမ်းဖို့ရှိပါတယ်။ ကျနော် ဘုရား အတွက် ဘာမှ ကျေနပ်အောင် မလုပ်နိုင်တော့လို့ ကျနော့်ကိုယ် ကျနော်ပဲ ဆက်ကပ် ဖို့ပဲ ရှိပါတော့တယ်။

“ကိုယ်တော် အလိုတော်ရှိရာပဲ ပြုမူတော်မူပါ” လို့ပဲ ကျနော်မှာ ဆက်ကပ်စရာ ကျန်ပါတော့တယ်။ ကိုယ်တော်ရဲ့ ကျေးဇူးတော်ကို ခံစားရလို့ ကိုယ်တော်ရဲ့ အလိုတော်ပဲ ဂန်ခံခြင်းနဲ့ ထာဂရဘုရား ကျေနပ်အောင် ဆက်ကပ်ဖို့ပဲ ရှိပါတော့တယ်။ ကျနော် ကြိုးစားခဲ့တယ်။ ရှာဖွေခဲ့ပါတယ်။ ငရဲကနေ လွတ်ရင်တောင် အိုးနှုတ်ခမ်းမှာ လျှောက် နေလျက်ပါပဲ။ ကျနော့် ကုသိုလ် အဟုန်ကုန်သွားရင် Auto ပဲတန်းနေတာ ငရဲ ပါပဲ။ ဒါပေမယ့် ဒီနေ့ ငရဲကနေ ကျနော် လွတ်ခဲ့ပါပြီ။ ဘယ်သူကြောင့်လဲ ကျနော် စိတ်ပျက်ခဲ့တဲ့ ကျနော် အမြင်လွဲခဲ့တဲ့ သခင်ယေရှုခရစ်တော်ရဲ့ လက်ဂါးကပ်တိုင်မှာ အသေခံ ခဲ့ခြင်းကပဲ လွတ်ခွင့်ပေးလိုက်တာပါ။ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်း အားဖြင့် ကယ်တင်ခြင်း ရရှိခဲ့ခြင်းပါ။ တစ်ခု ထူးခြားတာက 1995 မှာပဲ ကျနော်တို့ အတန်းထဲက ကျောင်းသူ လေးတစ်ဦးရဲ့ ဖခင်ဆုံးသွားတော့ အတန်းဖော်ခြင်း အားပေးဖို့ တစ်ခန်းလုံး ဆရာ/ မတွေနဲ့ အတူ သူတို့အိမ် ဈာပနကို သွားကြပါတယ်။ သူတို့အိမ် ရောက်သွားတော့ အသုဘ ရှိတဲ့အိမ်လို့ မထင်ရလောက်အောင် လူတွေက တိတ်ဆိတ်ငြိမ်သက် နေကြပါ တယ်။ ဓာတ်စက်(အော်လန်)လည်း မဖွင့်ဘူး၊ ပြီးတော့ ငိုရီနေတဲ့ အသံလည်း မကြား ရဘူး။ စိတ်ထဲမှာတော့ တစ်မျိုးပဲ၊ ဒီအိမ်က ဘာအိမ် မို့လို့လဲပေါ့။ နောက်မှ ဒီ သူငယ်ချင်းက ခရစ်ယာန်ဆိုတာ သိခဲ့ရတယ်။ ခရစ်ယာန် ဆိုတာကို ခုမှ တွေ့ဖူးတော့ တယ်။ ခရစ်ယာန်ဆိုတာ ငါတို့လိုပဲ လူတစ်မျိုးခွဲပြီး ကိုးကွယ်တဲ့ ဘာသာတရား တစ်ခု ပါလားလို့ပဲ စသိခဲ့ပါတယ်။ ကျနော့်ရဲ့ အသက်တာ အစက မယုံကြည်သူ မျိုးရိုး ဆိုတော့ ကောင်းတာ လုပ်ရင် ကောင်းတာရမယ်။ မကောင်းတာလုပ်ရင် မကောင်းတာ ဖြစ်မယ်။ ကုသိုလ် များများ လုပ်ရင် ငရဲက လွတ်မယ်လို့ သိထားတာကိုး။ ငယ်ကထဲက မိဘဘိုးစဉ် ဘောင်ဆက်က သင်ထား တာက ငယ်စဉ်အခါ ပညာရှာ၊ အလတ်ပိုင်းမှာ စီးပွားရှာ။ အသက်ကြီးပိုင်း ရောက်မှ တရားရှာ တဲ့။ ခရစ်တော်မှာကျတော့ ငယ်စဉ်ကထဲက ဘုရားနဲ့ သွားဖို့ သွန်သင် အပ်နှံ တယ်။ ပညာရှာချိန်၊ စီးပွားရှာချိန်နဲ့ တရားရှာချိန်လို့ အချိန် မသတ် မှတ်ထားပဲ အချိန်တိုင်း ဘုရားနဲ့အတူ သွားဖို့ သွန်သင်ထားပါတယ်။ ဒါက ကျနော့်ရဲ့ အသက်တာ မှာ အရင်က မတူတဲ့ စိတ်ငြိမ်းချမ်းခြင်းတစ်ခုပါပဲ။ ခရစ်တော်ကို ဘာကြောင့် မြည်းစမ်း ကြည့်ရတာလဲဆိုတော့ ကိုယ်လိုချင်တာ ကိုယ်ရဖို့အတွက် ခရစ်တော်ကို အကျပ်ကိုင် ပြီး တကယ်ရော ဟုတ်ရဲ့လားဆိုတာ သက်သေပြတာ မြင်ချင်လို့ပါပဲ။ ဒါကြောင့် ကျမ်းစာမှာ ဖော်ပြထားပါတယ်။ သင်တို့သည် ပူချင်ပူ၊ အေးချင်အေး နွေးနေရုံရင်ထွေး ထုတ်ခံရမယ်လို့ ပါပါတယ်။ ဒီနေ့မိတ်ဆွေ ခရစ်တော်နဲ့ အတူသွားနေခြင်း မှာ အပူနဲ့လား၊ အအေးနဲ့လား။ ပူနေခြင်းနဲ့ ဆိုရင်တော့ ဂန်လေး၍ ပင်ပန်း သောသူတို့ ငါထံသို့ လာကြလော့။ ငါသည်သင့်ကို ချမ်းသာပေးမည်ဆိုတဲ့ ကိုယ်တော်ရဲ့ ကတိတော်က မိတ်ဆွေရဲ့ အသက်တာကို အေးသွားစေပါလိမ့်မယ်။ လူတွေ အလုပ်လုပ်တဲ့ခါ နေပူတဲ့ နေ့တွေဆို အလုပ် မတွင်ပါဘူး။ ပူပြင်းတဲ့ ဒဏ်တွေကြောင့် ခဏခဏ နားနေ ရလို့ပါပဲ။ နေအေး ပြီး တိမ်ထူတဲ့ နေ့တွေဆို အလုပ် တွင်ပြီး အလုပ်များများ ပြီးပါတယ်။ မိတ်ဆွေက ခရစ်တော်ကိုရပြီးလို့ အေးနေတယ် ဆိုရင် ကိုယ်တော် အတွက် အလုပ် ပိုလုပ်ပေးပါ။ အေးတဲ့သူတွေက ယုံကြည်ခြင်း ပြည့်ဂတဲ့ သူတွေမို့ မမောမပန်းပဲ ကိုယ်တော်အတွက် အလုပ် ပိုလုပ်နိုင်ကြပါတယ်။ တစ်ကယ်ပဲ ယေရှု ဘုရားဟာ အသက်ရှင်သော ဘုရားဆိုတာ အထက်က ကျနော် ဖြတ်သန်းခဲ့တဲ့ အရာ တွေထဲကနေ မယုံကြည်ဘဲ မြည်းစမ်းခြင်းတွေထဲကနေ ဒီနေ့ Joy ဆိုတဲ့ အသက်တာ သစ်မှာ ဘုရားသခင်ရဲ့ ကယ်တင်ခြင်း၊ ကျေးဇူးတော် ကြောင့် ဒီအရာတွေအားလုံးကို စွန့်လွှတ်ပြီး ကိုယ်တော့်ဆီမှာ ခိုလှုံနေခြင်း တစ်ခုနဲ့ သက်သေခံပါတယ်။ ဘုရားသခင် က ကောင်းမြတ်သောဘုရားရှင် ဖြစ်ပါတယ်။ ယုံ ကြည်ပါ။ ကိုးစားပါ။ စောင်မ ပါလိမ့်မယ်။ ဒီထက်ပိုပြီး လုံလောက်တဲ့ သက်သေပြရပါအုံးမည် ဆိုလျှင် ဒီနေ့ ဖတ်ရတဲ့ သက်သေခံချက်ဟာ ဘုရားသခင် အသက်ရှင်လို့ မိတ်ဆွေကို ဖွင့်ပြစေခြင်း တစ်ခုပါပဲ၊ အရာရာ တိုင်းဟာ ဘုရားသခင် အလိုတော်မရှိရင် ဘာတစ်ခုမှ မဖြစ်ရ ပါဘူး ကျနော့် ဘဂရဲ့ ပြောင်းလဲသွားတဲ့ အသက်တာသစ်နဲ့ အရင် မပြောင်း လဲခင် ဘဂဟာ ဆီနဲ့ ရေလို မက ကွာခြားလှပါတယ်။ ရာထူးဂုဏ်ရှိန်တွေ အထင်ကရ ပေးလှူမှုတွေနဲ့ ရှိပြီး ဘုရား မသိပဲ လုပ်နေတဲ့ သူထက်။ ငပိနဲ့ စားပြီး တစ်ကျပ် တစ်ပြားကို ဘုရားဆီမှာ တစ်ကယ်အသိနဲ့ လှူတဲ့သူက ကိုယ်ရောင် တောက်သလို ကွာခြား ပါတယ်။ ဘုရားသခင်က လူကို မကြည့်ပဲ စိတ်ကို ကြည့်တဲ့ ဘုရားမို့ ကျနော်တို့ရဲ့ အသက်တာမှာ ဘုရား မကြိုက်တဲ့အရာတွေ စိတ်ထဲမှာ မတွေးမိ မကြံမိ ဖို့ အထူး အရေးကြီးပါတယ်။ ကိုယ်တော် ကိန်းဂပ်တော်မူတဲ့ ဗိမာန်တော် ကျနော်တို့ ဟာ ကိုယ်တော် အတွက် အစဉ်ရှင်သန်နေရပါမယ်။

ကျနော် မပြောင်းလဲခင်က မတည်ငြိမ်ပါဘူး။ စင်္ကာပူလာတာ ငွေအတွက် အဓိက ပါပဲ။ ငွေရဖို့ ကိုယ့်ကိုကိုယ်တောင် မသနားပဲ အိမ်ကို ပိုက်ဆံ ပို့တဲ့အခါ သူများထက် သာဖို့ ကိုယ့်အိမ် ပိုအဆင်ပြေဖို့ပဲ ရှိပြီး လောဘကိုတောင် နာမည် ကောင်း တပ်ပြီး ကြိုးစားခဲ့ပါတယ်။ ခရစ်တော်ကို ရလာတဲ့ အခါ တစ်ကယ်ပဲ ငြိမ်းချမ်း မှုကို ရသွားပါတယ်။ ပထမဦးဆုံး လောဘ မရှိချင်တော့ဘူး။ ဒုတိယ ဘုရားပေး သလောက်ပဲနဲ့ တတိယ ဘုရားပေးမှပဲ အရာရာတည်မြဲ စုမိမယ် ဆိုတဲ့ စိတ် ပြောင်းလဲ သွားပါတယ်။ ကျမ်းစာမှာ ပြောထားပါတယ်။ ငွေရတတ်သော သူတို့သည် ကောင်း ကင် နိုင်ငံကိုဂင်ရခဲ၏တဲ့။ ကျနော် ငွေမမက်လို့ မဟုတ်ပါဘူး။ လောကီ လူသားပဲ ငွေမက်ပါတယ်။ ခရစ်တော်ကို ရလာတဲ့ခါ ခရစ်တော် စကားကို နားထောင် ရပါတယ်။ ရှေးဦးစွာ နိုင်ငံတော်နဲ့ ဖြောင့်မတ်ခြင်းကို ရှာလော့။ နောက်မှ လိုသောအရာ များကို ထပ်၍ပေးမည်လို့ ဂတိတော်ရှိထားလို့ပါပဲ။ လိုအပ်တာတွေကလည်း ကိုယ်ပိုင် အဖြစ်နဲ့ မလိုချင်တော့ပါဘူး။ အဓိက ကျနော် ကျေးဇူးတော် ချီးမွမ်းတာကတော့ အပြစ်သား လူဇာတိ အဖြစ်နဲ့ အသက်ရှင်နေရပေမဲ့လည်း။ ကျနော် ဘယ်တော့မှ ငရဲ မရောက် တော့ပါဘူး။ လူ့ဇာတိနဲ့မို့ ဆင်းရဲခြင်းမျိုးစုံ တစ်ခုပြီးတစ်ခု ခက်ခဲခြင်း တစ်ခုပြီးတစ်ခု ရှိပါစေအုံး စိတ်မပျက်တော့ပါဘူး ဘာဖြစ်လို့လည်းဆိုတော့ ထာဂရငရဲ ကနေ လွတ် မြောက် လာ ရလို့ပါပဲ။ ဒီလောကရဲ့ ဒုက္ခ အခက်အခဲဟာ စာမဖွဲ့လောက်တော့ပါဘူး။ စာမဖွဲ့ လောက်တော့လို့ ကိုယ့်ကိုကိုယ် အထင်ကြီးသွားတာ မဟုတ်ပါဘူး။ ကိုယ် မတတ်နိုင် တာကို ဘုရားက လုပ်ပေးသွားလို့ ဆက်ပြီးတော့ ကိုယ် လုပ်နိုင်တာတွေ ကိုလည်း ဘုရားက လုပ်ပေးအုံးမှာဆိုတာ ယုံကြည်ကိုးစားထားလို့ပါပဲ။

သင်၏ ယုံကြည်ခြင်းကြောင့် သင်၏ မိသားစုလည်း ကယ်တင်ခြင်းဆု ရမည် ဆိုတာကို ကျမ်းစာမှာ အတိအကျ ဖော်ပြထားလို့ ကျနော့် လုပ်စရာ က ဘုရား ရှင် ထံမှာ ဆုတောင်းခြင်းတစ်ခုပဲ ရှိပါတော့တယ်။ ယုံကြည်သူ အပေါင်းဟာ ကျမ်းစာ ကို နေ့ညမပြတ် ဆင်ခြင်ရွတ်ဖတ်နေရပါမယ်လို့ လည်း ထပ်ပြီး ဖော်ပြထားပါ သေး တယ်။ ကျမ်းစာဖတ်မှလည်း ပိုဆုတောင်း ဖြစ်ပါမယ်။ဘယ်အရာပဲ ဖြစ်ချင်ဖြစ်ချင် လုပ်ချင်လုပ်ချင် ဘုရားသခင် အလိုတော် မရှိရင် ဘာမှ မဖြစ်ဘူးဆိုတာ အထက်မှာ သက်သေခံခဲ့ပါတယ်။ ဖြစ်ချင်တာ လုပ်ချင်တာတွေအတွက် လက်တွေ့ အကောင် အထည်ဖော်ဖို့ ကိုယ်တော် ယေရှုဘုရားရဲ့ နာမတော် တစ်ခုနဲ့ပဲ တိုင်တည် ဆုတောင်း လို့ရပါတယ်။ ဒါကြောင့် ယေရှု ဘုရား သခင်ဟာ ထာဂရဘုရား၏ တစ်ပါးတည်းသော သားတော် ဆိုတာကို အဓိက ယုံကြည်ရမဲ့ အချက်ပါပဲ။ ဘာကိုယုံကြည်တာလဲ ဆိုတာ သိမှ ယုံကြည်တဲ့ အတိုင်းဖြစ်ပါမယ်။ ယုံကြည်ခြင်းက တကယ်ကို ပြောရခက်ပါတယ်။ သေးသေးလေးလို့ လည်း ပြောလို့ ရသလို အကြီးကြီးလို့လည်း ဆိုလို့ရပါတယ်။ သင်တို့၏ ယုံကြည်ခြင်းဟာ မုန်ညင်း စေ့လောက်ပဲရှိပါစေအုံး။ ဤတောင်ကို ရွေ့၍ ပင်လယ်သို့ ကျလော့ ဟု ဆိုလျှင် ဆိုသည့်အတိုင်း ဖြစ်မည်လို့ ယေရှုသခင် ကိုယ်တိုင် ဟော ပြောခဲ့တဲ့ စကားတော် ပါပဲ။ ထာဂရဘုရားသခင် ဖွင့်ပြမှပဲ ယေရှုသခင်ကို

လက်ခံ ယုံကြည်နိုင်ပါမယ်။ ယေရှု သခင်ကို ယုံကြည်မှုပဲ ထာဝရဘုရားရဲ့ သားအရာ ကို ရပါမယ်။ သန့်ရှင်းသော ဝိညာဉ်တော်ကလည်း နာခံရပါမယ်။ ဒါမှသာလျှင် သုံးပါးတစ်ဆူဘုရားကို သာ၍ တိုး၍ ဆက်ကပ် နိုင်ပါမယ်။ ကျနော်ကတော့ တကယ့် ကျေးဇူးတော် သက်သက်ပါပဲ။ ကျနော့်တို့ ညီအစ်ကိုနှစ်ယောက် (ခရီးထွက်ညီအစ်ကို) စင်္ကာပူလာတာ ကျနော့် ညီကတော့ စာတီဖီကိတ် သုံးလေးခု လက်တော့ပ်တွေ ဟန်းဆက် အလန်းတွေနဲ့ ပိုင် ဆိုင် နေတဲ့အချိန်မှာ ကျနော်ကတော့ ယေရှုဘုရား ချီးမြင့်တဲ့ ဗတ္တိဇံ စာတီဖီ ကိတ်တစ်ခုနဲ့ အေးချမ်းပါတယ်။ သူ့ရဲ့ လက်မှတ်တွေနဲ့ အလုပ်တွေ အမျိုးမျိုးအတွက် စိတ်ဗျာ များနေတဲ့အချိန်မှာ ကျနော်ကတော့ ဘုရား ကျောင်းထဲမှာ အေးချမ်းနေပါ တယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ပါပဲ။ အခုမှ ပဲ ကျနော်ဟာ ဇာတ်စင်ပေါ်က ဆင်းပြီး ပွဲကြည့်ပရိတ်သတ် ဖြစ်ရ ပါတော့တယ်။ ပွဲကြည့် ပရိသတ်ဆိုတာ အပြင်မှာ အမှန်တကယ် ဘဝကို လက်တွေ့ ကျကျ ရင်ဆိုင်နေရတဲ့ သူတွေပါ။ ဇာတ်စင်ပေါ်က လူတွေကတော့ ဇာတ်ဆရာရဲ့ အလိုကျ ငိုလိုက်ကြ၊ ရီလိုက်ကြနဲ့ပ ဟန်ရေးတွေ ပြတုန်း ဖြုန်းဆို မိုးရွာ လေပြင်း ကျလာရင် ဘယ်နေရာပြေး၊ ဘယ်နေရာ နားခိုကြမလဲ သူတို့ရဲ့ နေရာက ဇာတ်စင်ပဲ ရှိတယ်လေ။ ဇာတ်သမားဆိုတာ အိမ်လို အတည်တကျ လုပ်ပြီး နေလို့မရပါဘူး။ ပွဲကြည့် ပရိတ်သတ်ဆိုတာကလည်း ဇာတ်စင်နဲ့ နီးနီးမှာ အိမ်ရှိရင် အိမ်မှာ မြန်မြန် ဝင်ခိုလှုံရပါတယ်။ အဓိက ဇာတ်စင်နဲ့ အိမ်နဲ့ အလှမ်းမကွာပဲ ထိုက်သင့်သလောက် လောကီ ပျော်မွေ့ခြင်းမှာ တင်းတိမ်နိုင်ဖို့ အရေးကြီးပါတယ်။ ဇာတ်ပွဲတွေ ကိုမှ တမ်းတမ်းတတမက်ပြီး အိုးပစ် အိမ်ပစ်လာကြတဲ့ ပရိတ်သတ် တွေကတော့ ဇာတ်သဘင် သားတွေလို ဗျာဒိတ်ကျမ်းလာရင် စစ်ဆေးခြင်း ခံရပါလိမ့် မယ်။ ဒီနေရာမှာ အိမ် ဆိုတာကတော့ ယေရှုဘုရားကို ယုံကြည်ခြင်းဖြစ်ပြီး ဇာတ်စင်ကလော့ စာတန်မာန်နတ်ရဲ့ ဖြားယောင်း သွေးဆောင်ခြင်းပါပဲ။ မိတ်ဆွေရဲ့ အသက်တာမှာ ထာဝရဘုရားရှင်ထံဆီမှ ငြိမ်သက်ခြင်းနဲ့ ယှဉ်သော ဝမ်းမြောက်ခြင်း ကို နေ့ ရက် အစဉ်အတိုင်း ခံစားရရှိပါစေသော်ဂ်… ဖတ်ရှုသူ အယောက်စီတိုင်းကို ဘုရား ရှင် သာ၍ ကောင်းချီး ပေးပါစေ… အာမင်။ ။ Jun Joy (Thomson)

---





## အလုပ်ဟာ ဘဝတစ်ခုလုံးလား Mary (ဖျာပုံ)

စာရေးသူသည် စာရေးသူသာ ဖြစ်ပါသည်။ စာရေးဆရာမ မဟုတ်ပါ။ မိမိ၏ ဘဝနှင့် အလုပ်၏ အနိမ့်အမြင့် အစုန်အဆန် အကြောင်းတရားများကို ကိုယ်တိုင် ခံစား ရချက်များနှင့် ပတ်ဝန်းကျင်လောကမှ ရရှိသော အသိ ပညာ ဗဟုသုတ များဖြင့် မိမိ၏ ဘဝနှင့်အလုပ်ကို သရုပ်ဖေါ်ပြပြီး စာဖတ် သူများလည်း အလုပ်နဲ့ ဘဝကို ပြန်လည် သုံးသပ်ခံစားသိရှိစေရန် ရည်ရွယ်ပါသည်။ ဗန်းစကား များပြီး ကျမ်းစကား နည်းသော်လည်း အသိဉာဏ် ပညာသည် မိမိဘဝအသက်တာမှာ အဓိက ကျကြောင်း ပဏာမ ပြောလိုပါသည်။ တဆက်တည်းမှာပဲ စာဖတ်သူများကို အလုပ်မှာ စိတ် ချမ်းသာပြီး စိတ်ကျမ်းမာစေဘို့ ဆန္ဒပြုလိုက်ပါသည်။ ၂၀၁၀- ခုနှစ် အကုန်ပိုင်းလောက်မှာ စာရေး သူ လက်ရှိအလုပ်မှာအ ထက်ပါ မေးခွန်းလေးကို ကိုယ့်ကိုကိုယ် စိတ်မချမ်းသာစရာ စိတ် မကျန်းမာ စရာ အမေးမျိုး မေးနေမိသလို ပတ်ဝန်းကျင် လက်တလောမှ မိတ်ဆွေ များ၏ အလုပ်နှင့် ပတ်သက်ပြီး ငြီးညူသံ၊ သတင်းစာနှင့် TV သတင်းများမှ အလုပ်နှင့် ပတ်သက်ပြီး စိတ် မချမ်းသာ နိုင်သောကြောင့် စိတ်မကျန်းမာ နိုင်ကြတော့ဘဲ ရူးသွပ် သွားသောသူများ၊ မိမိဘဝကို အဆုံး စီရင်သွားကြသော သူများ သတင်းကို စာဖတ်သူ များ ကွ်နာတပ်မ်း မှာ ကြားသိကြရပါလိမ့်မယ်။ ချစ်သော မိတ်ဆွေ ယနေ့ “ကျန်းမာ နေတုန်းမှာ ကျန်းမာ ရေးကို ဂရုစိုက်တဲ့သူဟာ ဉာဏ်ရှိတဲ့သူဖြစ်ပါတယ်” အဲဒီလိုပဲ စိတ်ချမ်းသာနေတုန်းမှာ စိတ် ကျန်းမာနေတုန်းမှာ စိတ်ချမ်းသာဘို့ စိတ်ရွှင်လန်းဘို့၊ စိတ်ကျန်း မာဘို့ကို လုပ် နေတဲ့သူဟာ ဉာဏ်ရှိတဲ့သူ ဖြစ်ပါတယ်။ အခက်အခဲတွေကို တကယ် ဖြေရှင်းနိုင်တာ အသိဉာဏ်ပဲ ဖြစ်ပါတယ်။ သတိရှိမှလည်း ဉာဏ်ရှိမယ်။ ဒါကြောင့် သတိနဲ့ နေတဲ့ အလေ့ အကျင့်ကို လေ့ကျင့်ရင်းနဲ့ ဉာဏ်ပါပါ နှင့်အလုပ်ကို ဖြေရှင်းနိုင်တဲ့ သူများ ဖြစ်ဘို့ ကြိုးစားကြပါစို့။ (သုတ္တံ ၁း၇) “ထာဝရဘုရားကို ကြောက် ရွံ့သော သဘော သည် ပညာ၏ အချုပ်အခြာ ဖြစ်၏” သို့ပါသောကြောင့် ဘုရားသခင်၏ ဝိညဉ်တော်နှင့် မှုတ်သွင်းထား သောရှောလမုန် စီရင်သော သုတ္တံစကားများ အားဖြင့် ဉာဏ် ပညာ ရယူနိုင်ပါသည်။ စာရေးသူဟာ သူငယ်တန်းမှ စတုတ္ထတန်းအထိ အိမ်မှူ ကိစ္စလေး ပိုင်းကူ တတ် မိဘထံ မှ မုန့်ဘိုးရသော အသိမှတဆင့် ပဥ္စမတန်းရောက် တော့ ခြံထွက် သီးနှံ များ ခူးရောင်းပြီး ကိုယ်ပိုင် ပိုက်ဆံဆိုတာ ကိုယ်တိုင် ရှာရမှန်း သိလာပါတယ်။ ထိုစဉ်က အသက်အရွယ် နှင့် အလိုက် မိမိလုပ်ခဲ့သော အလုပ်လေး မမေ့ရပါ။ ညနေ ကျောင်း ဆင်း သောကြာနေ့ ညနေက ကိုယ့်အတွက် အလုပ်ကြီး အကိုင်ကြီးပါ။ ခရာဆူး မကြောက်၊ မျှော့ မကြောက်ဘဲ ခြံမြောင်းထဲမှာ ကန်စွန်း ရွက်များ တစ်ပွေ့တစ်ပိုက် ရအောင်ခူးပြီး အစည်းတွေ စည်း။ သက်တူ ရွယ်တူ သူငယ် ချင်းများ မည်သူမှ ဒီလို မလုပ်ကြပါလားလို့ ခံစား တွေးတော မိခဲ့ပါတယ်။ ဘာလို့လဲ ဆိုတော့ စနေနေ့ မနက် စောစော အရောင်း ထွက်ဘို့ အချိန်မှီ ခြင်ကိုက်တာကို ဘယ်ပြန်ညာပြန် ရိုက်ပုတ်ရင်း လုပ်နေရတဲ့ အချိန် ပေါ့။ ဒီလိုနဲ့ ဆဌမတန်းအထိ တစ်ပတ် မပျက် ကြိုးစားရင်း ကိုယ်လုပ်မှ ကိုယ် ရမည် ဆိုသော အသိနှင့် လုပ်ခြင်းပါ။ မိဘများက ခိုင်းသော ကြောင့်လုပ်ခြင်း မဟုတ်ပါ။ အထက်တန်း ရောက်တော့ မြို့ကို ကျောင်းပြောင်း။ အဲဒီ အလုပ် လုပ်ချင်လို့ တောင် မလုပ်ရတော့ ပါ။ အလုပ်ဟာ လူ့ဘဝ မှာ အင်မတန် အရေးပါတဲ့ အဓိက ကျတဲ့ အရာ တစ်ခု ဖြစ်ပါတယ်။ ကိုယ် လုပ်တဲ့ အလုပ်ပေါ်မှာ မူတည်ပြီးတော့ ကိုယ့်ကိုကိုယ် ငါဘယ်လို လူဆိုတဲ့ ခံစားချက် သတ်မှတ်ချက်ဖြစ်လာတယ်။ ငါဟာ တန်ဘိုးရှိတဲ့ လူ တစ်ယောက် ဖြစ်ဘို့ဆိုရင် အနည်း ဆုံး အဓိက ကျတဲ့ အရာဌာနတစ်ခုမှာ တကယ် ထူးချွန်တဲ့ သူဖြစ်ရမယ်။ ဒီအချက် က ကိုယ့်ကိုကိုယ် ကိုယ်လုပ်တဲ့ အလုပ်နဲ့ တိုင်းတာ ပြီး တန်ဘိုးဖြတ်တဲ့ သဘော ဖြစ်ပါတယ်။ ဥပမာ - ငါက ကျောင်းဆရာ ဆိုတဲ့ ကိုယ့်ကိုကိုယ် သတ်မှတ် ချက်၊ ငါက ဆရာဝန်ဆိုတဲ့၊ ငါဘယ်သူဆိုတဲ့ ပုဂ္ဂိုလ် သတ်မှတ်ချက်၊ ငါက လယ်သမား ဆိုတဲ့ သတ်မှတ်ချက်တွေဟာ အလုပ်ပေါ်မှာမှီပြီး သတ်မှတ်ထားကြတာဖြစ်ပါတယ်။ သတ်မှတ်ချက် ဆိုပေမယ့် အားကြီးတဲ့ ဂါသနာနဲ့ ခံစားမှုလည်း ပါနိုင်ပါတယ်။ ဂုဏ်ယူ စရာပါဘဲ။ မိမိလုပ်တဲ့အလုပ်အပေါ်မှာ မူတည်ပြီး လူ့ရဲ့ စိတ်နေ သဘောထားနဲ့ စရိုက်လည်း ဖြစ်လာနိုင်ပါတယ်။ ကျောင်းဆရာ လုပ် တဲ့သူ တစ်ယောက်ကိုတွေ့ရင် ခဏလောက် စကားပြောကြည့်လိုက်ရင်ပဲ သူဟာ ကျောင်းဆရာ ဖြစ်ရမယ်လို့ မပြောဘဲနဲ့ သိနိုင်ပါတယ်။ စာရေးသူ ဆိုရင် လူ တစ်ယောက်ကို တွေ့လိုက်တာနဲ့ ကျန်းမာရေး ဂရုစိုက်ဘို့ သတိ ပေးတတ်တာ ဂါသနာ ပါ။ အလုပ် မရှိရင် ဘဝမရှိသလို ခံစားရပါတယ်။ ဒါကြောင့် ကိုယ်နဲ့ ကိုက်ညီတဲ့ ကိုယ် လုပ်နိုင်တဲ့ အလုပ်တစ်ခုကို စိတ်ပါ လက်ပါ လုပ်နေတာပါ။ လူ မချမ်းသာသော်လည်း ကိုယ့်ကိုယ်ကိုယ် ကျေနပ် ပါသည်။ စိတ်ချမ်းသာမှု ရရှိပါသည်။ အကယ်၍သာ သူများထက် သာချင်တဲ့ စိတ်ကြီး ပြီး ကိုယ်မကျွမ်းကျင် သော အလုပ်များ လုပ်ခဲ့ပါလျှင် စိတ် မအေးချမ်းစရာပါ။ သူများ အထင်ကြီးအောင် လုပ်ပြ နေရရင် သဘောထားမှားနေလို့ အထင် မကြီးကြီးအောင် လုပ်၊ ဟန်နဲ့ လုပ်နေရ မယ်။ အထင်မကြီးတော့ စိတ်ဓာတ်ကျမယ်။ အလုပ် ဆိုတာ လူမြင်နိုင် တာရှိသလို ဘယ်သူမှမသိဘဲ ကိုယ်သာသိတဲ့ အလုပ် လည်းရှိပါတယ်။ လူ သိနိုင်တဲ့ အလုပ် မျိုးကိုသာ တန်ဘိုးထားရင် လူမသိနိုင် တော့တဲ့အချိန်မှာ ကိုယ့်ကို ကိုယ် အသုံး မဝင်တော့တဲ့သူလို့ခံစားရလိမ့်မယ် စိတ်ဓါတ်ကျသွားမယ်။ “အလုပ် ဟာ ဘဝ မှာ အင်မတန် အရေးကြီးပေမယ့် အလုပ်တစ်ခုထဲနဲ့ လူတစ် ယောက် ကို တန်ဘိုး ဖြတ်လို့ မရပါဘူး” အလုပ်ရဲ့ ကြီးပွားတိုးတက်မှု တစ်ခုထဲနဲ့ ကိုယ့် ကို ကိုယ် တန်ဘိုး ဖြတ်တဲ့ သူဟာ အလုပ်အဆင်ပြေလို့ တိုးတက်နေရင် ပျော်တယ်။ အလုပ်ကိုပိုပြီး လုပ်တယ်။ လုပ်ငန်း တိုးချဲ့တယ်။ မိုးလင်းကနေ မိုးချုပ်ထိ အလုပ်ပဲ လုပ်နေတယ်။ ဘာသာရေး ဂိညာဉ်ရေး၊ မိသားစုနဲ့ ပတ်သက်တဲ့ လူမှုဆက်ဆံရေး၊ သားသမီးနဲ့ ဆက်ဆံရေး၊ မိတ်ဆွေကောင်းတွေနဲ့ အချိန်မပေးနိုင်တော့လို့ အဲဒီ ဆက်ဆံရေးတွေ တဖြည်းဖြည်း ရင်းနှီးမှု မရှိ တော့ဘူး။ အလုပ်ကို စွဲလုပ်တယ်။ အလုပ်မှာ တိုးတက်မှု ရှိနေမှ နေတတ် တယ်။ အလုပ်လုပ်နိုင်တာကို ဂုဏ်ယူနေတတ်တယ်။

အဲဒီလိုလူဟာ အလုပ်မှာ အဆင်မပြေဘူး။ မတိုးတက်ဘူး။ ဆုတ် ယုတ်နေတယ် ဆိုရင် သူ့တန်ဘိုး ကျသလို သူ့ဂုဏ်ကျသလို ခံစားရတယ်။ အလုပ် လုပ်လို့ မရလို့ နားရတဲ့အခါ ကိုယ့်ကိုကိုယ် တန်ဘိုး မရှိသလို ခံစား ရပြီး ဘာလုပ် ရမှန်း မသိတော့ဘူး။ အချိန်ပြည့် အလုပ် လုပ်နေမှ နေတတ်တဲ့ သူဟာ အချိန် တစ်ဝက် လုပ်ရရင် ပျင်းနေတော့တယ်။ မကျေနပ်တော့ဘူး။ ပင်စင်ယူရလို့ဖြစ်စေ၊ ကျန်းမာရေးကြောင့် ဖြစ်စေ၊ စီးပွားရေး ကျလို့ လုပ်ငန်းကို ပိတ်လိုက်ရလို့ဖြစ်စေ၊ အရင် ကလောက် အဆင့်မြင့်မြင့် အလုပ်တွေကို များများ မလုပ်နိုင်တော့ရင် ကိုယ့်ကိုကိုယ် တန်ဘိုး မရှိတော့ဘူးလို့ တွေးပြီးစိတ်ဓာတ်ကျမယ်။ အားငယ်မယ်။ ဥပမာ- အလုပ်လုပ်တဲ့ အင်ဂျင်စက်ကြီး နှစ်ကြာလို့ ပျက်သွားတဲ့အခါ အသုံးမဝင်တော့ သလိုပေ့ါ။ ချစ်သော မိတ်ဆွေ အဲဒီလိုအပြင် အလုပ်ကို မလုပ်နိုင်တော့တဲ့အခါ သေချင်လောက်အောင် ခံစားရတဲ့သူမျိုး ဖြစ်ချင်သလား။ စဉ်းစားပါ။ ကြိုတင်ပြင်ဆင် ထားပါ။ အပြင် အလုပ်တွေဟာ တစ်နေ့မဟုတ် တစ်နေ့တော့ ရပ်ဆိုင်းသွားရမှာပါ။

ဒါကြောင့် အသက်ရှင်ခိုက် ဂိညာဉ်ရေး အလုပ်ကို လုပ်ဘို့လိုပါတယ်။ မိသားစုနဲ့ အမြဲတန်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနေဘို့လိုတယ်။ မိတ်ဆွေ ကောင်း တွေနဲ့ ဂုဏ်တွေ အဆင့်အတန်းတွေမပါတဲ့ ပွင့်လင်းတဲ့ ဆက်ဆံ ရေး ရှိအောင် ပြုစုဘို့



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၅ မတ်လ ၂၀၁၁ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

လိုပါတယ်။ ငွေမရပေမယ့် စိတ်ချမ်းသာမှုရနိုင်တဲ့ အများအကျိုးဆောင်အလုပ်တွေ ဂါသနာပါတဲ့ အလုပ်တွေ ပန်းပင်သစ်ပင် စိုက်တာမျိုးလုပ်သင့်တယ်။ အဓိက အရေးကြီး တာကတော့ ကိုယ်နဲ့မကွာ သယ်သွားနိုင်တဲ့ ရောက်လေရာမှာ အချိန်အခါ အသက် အရွယ်မရွေး လုပ် နိုင်တဲ့အလုပ်ပါပဲ။ အဲဒီအလုပ်ကတော့ မိမိအသက်တာရဲ့ နောက်ဆုံးနေ့၊ နောက်ဆုံးနာရီ ထိအောင် လုပ်နိုင်ဘို့ပြင်ဆင်ထားသင့်ပါတယ်။ လောကီ အောင်မြင်မှုဟာ စိတ်ချမ်းသာမှုရဘို့ အာမခံချက်မပေးပါဘူး။ စီးပွားရေး အောင်မြင်တာနဲ့ စိတ်ချမ်းသာဘို့ မသေချာဘူး။ ရာထူးတိုးတာနဲ့ စိတ်ချမ်း သာမှုရဘို့ မသေချာဘူး။ လုပ်ငန်းပိုင်ရှင်ကြီးတွေဖြစ်ပြီး၊ ရာထူးကြီးတဲ့ သူတွေဖြစ်ပြီး၊ စိတ်ဆင်းရဲနေကြရတဲ့ သူတွေများပါတယ်။ စီးပွားရေး မတိုးတက်ခင်၊ ရာထူး မကြီးခင်က စိတ်ချမ်းသာ စွာနေနိုင်တဲ့ တစ်ချို့သူတွေဟာ စီးပွားရေးတိုးတက်လာမှ ရာထူးကြီးလာမှ ကျန်းမာရေး မကောင်းလို့ တာဂန်တွေ အလုပ်တွေ ဖိစီးလို့ စိတ်ဆင်းရဲပြီး၊ စိတ်ဓါတ် ကျနေတာတွေ့ရတယ် အလုပ်လုပ်ပါ။ ဒါပေမယ့် အလုပ်တစ်ခုထဲနဲ့ ကိုယ့်ကိုကိုယ် တန်ဘိုး မဖြတ် ပါနဲ့။

အလုပ်တွေ အများကြီး လုပ်နိုင်တဲ့သူ၊ တီထွင်ပြီးလုပ်နိုင်တဲ့သူ၊ အရည်အချင်း ရှိလို့ အလုပ်ကောင်းနေတဲ့ သူနဲ့ယှဉ်ရင် ကိုယ်က အရည် အချင်းမရှိလို့ အသေးစား အလုပ်လေးမှာဘဲ လုပ်နေရသော်လဲ အားမငယ်ပါနဲ့။ ကြားဖူးတဲ့ ဥပမာလေးတစ်ခု ရေးပြချင်တယ်။ တောထဲမှာရှိတဲ့ သစ်ပင်တွေ အများကြီးထဲမှာ တချို့နံ့သာပင်လို အပင်မျိုးက မွှေးတယ်။ ဆေးဖက်ဂင်တယ်။ လိမ်းလို့ရတယ်။ သောက်လို့ရတယ်။ အချို့အပင်တွေက အနှစ်သိပ်ကောင်းတယ်။ ပရိဘောဂလုပ်လို့ ကောင်းတယ်။ ဒါကြောင့် လူတွေက အဲဒီအပင်တွေကို အဖိုးတန်အပင်တွေဆိုပြီး ခုတ်ယူကြတယ်။ အသီး၊ အရွက်၊ အပွင့်တွေကို သုံးလို့ရတဲ့ အပင်တွေကို လူတွေက တန်ဘိုးထားကြတယ်။ ဒါပေမယ့် အခြားသစ်ပင်တပင်ကတော့ အနှစ်လည်း မကောင်းဘူး၊ အိမ် ဆောက်လို့လည်း မကောင်းဘူး၊ ပရိဘောဂလုပ်လို့လဲ မကောင်းဘူး။ ဆေးဖက်လည်း မဂင်ဘူး။ အရွက်အသီးအပွင့်တွေလည်း အသုံးမဂင်ဘူး။ ဒါကြောင့် လူတွေက အဲဒီ အပင်ကြီးကို ဘာမှ အသုံးမဂင်တဲ့အပင်ကြီးလို့ နာမည်ပေးထား ကြတယ်။ ဒါပေမယ့် တောထဲခရီးသွားတဲ့ သူတွေ နေပူထဲမှာ နားချင်ရင် အဲဒီအ ပင်ကြီး အောက်ဂင်နားကြတယ်။ အရိပ် သိပ်ကောင်းတယ်။ အပင်အောက် မှာ နားရင်းနဲ့ အချို့သူတွေက ဒီအပင်ကြီးဟာ အနှစ်လည်း သုံးမရ၊ အသီး အရွက် အပွင့် တွေလည်း သုံးမရတဲ့ ဘာမှ အသုံးမဂင်တဲ့ အပင်ကြီးလို့ ပြောကြတယ်။ ယူသွားလို့မရ၊ ရောင်းလို့ မရတဲ့ အရိပ်ရဲ့တန်ဘိုးကို သိတဲ့သူ အင်မတန်နဲတယ်။ ဆိုလိုချင်တာက အရာရာတိုင်းဟာ သူ့နေရာနဲ့သူ အသုံးဂင်ပါတယ်။ အချို့အရာတွေဟာ မြင်ရကြားရ တာနဲ့ကို အသုံးဂင်နေတယ်။ အကျိုးများနေတယ်။ အသုံးဂင်တပင်ဆိုတာကို စဉ်းစား ကြည့်ရင် ရုပ်ပိုင်းကို ပြောကြတာများတယ်။ စိတ်အေးချမ်းအောင် နေတဲ့သူ မေတ္တာ ဂရုဏာကြီးတဲ့သူဟာလည်း လောကကြီးကို အများကြီးအကျိုးပြုပါတယ်။ အသုံးမဂင် တဲ့ သစ်ပင်ကြီးနဲ့တူတဲ့သူတွေ အများကြီးရှိပါတယ်။ ဒီအပင်ကြီးအောက်မှာ နားခိုနေပြီး ဒီအပင်ကြီး အသုံးမဂင်ကြောင်း ပြောနေကြတဲ့ သူတွေလည်း ရှိပါတယ်။ ဒါကြောင့် ကိုယ့် အနားကို ရောက်လာတဲ့သူတွေကို ဘာမှမပေးနိုင်ရင်တောင် စိတ်အေးချမ်းစေမယ့် စကားမျိုး ပြောနိုင်ရင် အရိပ်ကောင်းတဲ့ အပင်ကြီးလိုပဲ ကျေးဇူးများပါတယ်။

လောကကြီး တိုးတက်လာတာ၊ တီထွင်ကြံဆပြီး လုပ်နေတဲ့သူတွေရှိ နေလို့ပါ။ ဒါပေမယ့် အဲဒီလို တီထွင်နိုင်မှ ဘဂဟာ အဓိပ္ပါယ်ရှိတယ်လို့ ပြောမရပါဘူး။ လုပ်ရိုးလုပ်စဉ်တွေ လုပ်ရင်း စိတ်သဘောထား မှန်မှန်နဲ့ ဘဂကို အဓိပ္ပါယ်ရှိရှိ နေကြတဲ့ သူတွေ အများကြီးရှိပါတယ်။ ဘဂရဲ့ အဓိပ္ပါယ်ဟာ ဘဂနဲ့ ပတ်သက်ပြီး ထားတဲ့ ကိုယ့်ရဲ့ သဘောထားပေါ်မှာ မူတည်ပါတယ်။ သဘောထားမှန်ရင် အဓိပ္ပါယ်ရှိပါတယ်။ ရိုးရိုး အတွေ့အကြုံတွေထဲကဘဲ အသိဉာဏ်တွေ အများကြီး ရနိုင်ပါတယ်။ ခန္ဓာထဲမှ ပညာရအောင် ယူတတ်ရင် ဘဂဟာ အဓိပ္ပါယ်ရှိပါတယ်။ လူတစ်ယောက်နဲ့ တစ်ယောက် အသိဉာဏ်တွေ စိတ်ကူးတွေ မတူညီကြပါဘူး။ ကိုယ့်ဘဂမှာ အဆင်ပြေအောင် နေတတ်ထိုင်တတ်ရင် စိတ်ကူးကောင်းတယ်လို့ ဆိုရမှာပါပဲ။ "လောကမှာ အလုပ်တွေ အများကြီးထဲက အဆင့်အမြင့်ဆုံး အလုပ်က သူများကို ပညာပေးတဲ့ အလုပ်၊ လူတွေရဲ့ အသိဉာဏ် မြင့်မားရေး၊ စိတ်ဓါတ် မြင့်မားရေးကိုအထောက်အကူပေးတဲ့ အလုပ် ဖြစ်တယ်လို့ တင်စားပြောရင် မှားသလား။ မှန်သလား။ စဉ်းစားကြည့်ပါ။ ခရစ်တော် ကိုယ်တိုင် စတင်လမ်းပြခဲ့ သွန်သင်ခဲ့ တာဘဲ။ ဆရာ/ဆရာမ များ ကိုလည်း အလုပ်ရဲ့ အရေးပါပုံကို ခံစားတတ်ဘို့ ပြောတာ ပါ။ အခြားအလုပ် လုပ်တဲ့သူတွေကို လူညံ့ တွေလို့ မဆိုလိုပါဘူး။ လူတိုင်းဟာ သူ့နေရာနဲ့ သူ သူ့အချိန်နဲ့သူ လောကကြီးကို တနည်းနည်းနဲ့ အကျိုးပြုနေပါတယ်။ ကျွန်ုပ်တို့ ခန္ဓာနဲ့ ဂိညာဉ် ကွဲကွာသွားတဲ့အချိန်မှာ ရာထူး၊ ပစ္စည်းဥစ္စာ၊ ဂုဏ် အဆင့်အတန်း ဘာတစ်ခုမှ ယူသွားလို့မရပါဘူး။ ကိုယ့်စိတ်ထား ကိုယ့်ပါရမီ ကိုယ့် ဉာဏ်ပညာပဲ ကိုယ်သွားလေရာ ပါမယ်။ ကောင်းမှု မကောင်းမှု တွေလဲ ပါမယ်။ ကိုယ့် ကိုကိုယ် သူများနဲ့ယှဉ်ပြီး သူက သာတယ်။ ငါက သာတယ် ဆိုတဲ့ အတွေးမျိုးဟာ စိတ် ကို ပင်ပန်းစေပါတယ်။ ငါ့ဘဂကို ငါ့အတွက် အဓိပ္ပါယ် ရှိအောင် ဘယ်လို နေသွားရမလဲ ဆိုတာကို တွေးပါ။ လောကမှာ ဘာလုပ်နေတာက အရေးမကြီးဘူး။ ဘာအတွက် လုပ် နေတာက အရေးကြီးပါတယ်။ အမှန်တရားထက် သမ္မာတရားမှာ အသက်ရှင်ပါ။ ဒါဆို ရင် အသက်တာမှာ အတိုင်းအတာတစ်ခု အထိတော့ ပြီးပြည့်စုံပါလိမ့်မယ်။ သမ္မာကျမ်း က ပြုလေသမျှတို့၌ စေတနာစိတ်နဲ့ ပြုလော့လို့ပြောတယ်။ ဒါကို လက်တွေ့ကျင့်သုံးရင် ကောင်းကြီးတွေ ခံစားရမယ်။ ခရစ်တော်ရဲ့ ကယ်တင်ခြင်းက ယုံကြည်ခြင်း အားဖြင့် ရရှိတယ်။ ကောင်းတဲ့ အကျင့် အလုပ်တွေကို လုပ်ဆောင်ခြင်းဟာ ကောင်းကင်နိုင်ငံမှာ ဆုလာဒ်တွေ ရရှိဘို့ဖြစ်တယ်။ ကျရာ အလုပ်မှာ ကျေနပ်နှစ်သိမ့်မှုနဲ့ စိတ်ချမ်းသာဘို့ စိတ်ကျန်းမာဘို့ မျှော်လင့်ချက် - - - ။ Mary (ဖျာပုံ)



---



## "လွဲချော်မှုရဲ့ ... အဆုံးသတ်" F. penny

မျှော်မှန်းချက်တွေမှာ လွဲချော်မှုတွေဟာ အနည်းနဲ့အများ ဖြစ်ပေါ် တတ်ကြပါတယ်။ သို့ပေမယ့် ကြုံတွေ့ရတဲ့ လွဲချော်မှုဆိုတဲ့ အရာတွေဟာ ဒို့တစ်ဦးတည်း အတွက်များ ဖြစ်နေသလား။ အကြိမ်ကြိမ် လွဲချော်မှုတွေနဲ့ ကြုံတွေ့ရတော့ ဒို့ရဲ့ စိတ်နှလုံးမှာ ဘာမှမမျှော်လင့်ရဲ၊ မမျှော်မှန်းရဲပဲ ဖြစ်နေရတယ်။ ဒို့ရဲ့ မျှော်မှန်းချက်တွေမှာ လွဲချော်မှုပေါင်း မြောက်များစွာရှိသည့် အနက် အနည်းငယ်ကို ဝေဌ ရေးပြချင် နေမိတယ်။ မြန်မာပြည်မှာ ရှိနေစဉ်အခါက လွဲချော်မှုလေးတွေကိုတော့ မပြောပြတော့ပါဘူး။ စာဖတ်သူတို့ရဲ့ နှလုံးသား တနေရာတခုခု ဖြစ်သွားမှာစိုးရိမ်မိလို့ပါ။ ဒီစင်္ကာပူနိုင်ငံမှာ ကြုံတွေ့ရတဲ့မျှော်မှန်းချက်ရဲ့ လွဲချော်မှုအနည်းငယ်ကိုပဲ ဝေဌ ရေးပြပါရစေ။ ဒီ စင်္ကာပူရောက်သက် (၁)နှစ်နဲ့ (၂)လ ကြာပြီးတဲ့နောက် တလမှာ တရက် နားခွင့် ရရှိခဲ့ပါတယ်။ ဒါပေမယ့် နားခွင့်ရက်က ပုံသေသတ်မှတ်ထားလို့ မရဘူး။ ဘာကြောင့်လဲဆိုတော့ အလုပ်ရှင်သူဌေးတွေရဲ့ အားရက်ကို စောင့်ပြီး နားရက် ယူရတယ်လေ။ ဒီလိုနဲ့ နားရက်ယူရမယ့်ရက်ကို သူငယ်ချင်းတွေနဲ့ အတူတူ ဘုရားကျောင်း တက်ကြဖို့ ဆွေးနွေး တိုင်ပင်ညှိနှိုင်းလေ့ရှိကြတယ်။ သူငယ်ချင်းတွေက မသေချာ မရေရာတဲ့ ဒို့ကို ဦးစားပေးပြီး စောင့်လေ့ရှိကြတယ်။ ဒါပေမယ့် သူတို့နဲ့အတူ နားရက် ယူရမဲ့နေ့မှာ ဒို့တဦးတည်းပဲ လွဲချော်သွားစမြဲဖြစ်ရတယ်လေ။ ဒို့ မပါဂင်နိုင်ပဲ သူတို့တွေအားလုံး စုံလင်စွာ ပျော်ရွှင်ခဲ့ကြရတဲ့ နေ့ရက်တွေက အများသားပေါ့။ ဒို့ကတော့ လွဲချော်မှုရဲ့ အရိပ်အောက်မှာ မကျေမနပ်နဲ့ ကျေနပ်လိုက်ရပြီး အိမ်တွင်းပုန်း ဖြစ်ရစမြဲပါပဲ။ ဒို့ရဲ့ နားရက် ခွင့်ရရှိလာတော့ သူငယ်ချင်းတွေ မပါ၊ အဖော် မပါပဲ၊ ဟိုငေး၊ ဒီငေးနဲ့ အထီးကျန် တစ်ယောက်တည်း ဖြစ်ခဲ့ရတယ်လေ။ ဒီလိုနဲ့ နေလာရင်း လွဲချော်မှုတွေ အဆုံးသတ် သွားပြီလို့ ထင်မြင်ခဲ့ပေမယ့် (၂၅-၁၂-၂၀၀၉)ရက် ခရစ္စမတ်နေ့ ရောက်ရှိလာတော့ လွဲချော်မှုရဲ့ ချည်နှောင်မှုဒါဏ်ကြောင့် ခရစ္စမတ်နေ့မှာ အထီးကျန်စွာ တစ်ယောက်တည်း "သူငယ်တော်" ကို ကြိုဆိုခဲ့ရတယ်။ ဒီလိုနဲ့ နှစ်သစ်မင်္ဂလာ ဆိုက်ရောက်ဖို့ရန် တာဆူနေတော့ ဒို့လဲ စိတ်သစ်၊ ကိုယ်သစ်နဲ့ လွဲချော်မှုတွေကို နှစ်ဟောင်းမှာပဲ ချန်ထားတော့မယ်ဆိုပြီး အလုပ်ရှင်သူဌေးဆီ ခွင့်တောင်းခဲ့မိတယ်။ "ဆရာ အခုလာမယ့် နှစ်သစ်ကူးနေ့ကို ကျွန်မ အပြင်ထွက်ချင်တယ်။ ဘုရားကျောင်းကို သွားပြီး ဂတ်ပြုကိုးကွယ်မှု အစီအစဉ်မှာပါဂင်ချင်တယ်" လို့ တောင်းဆိုလိုက်တော့ ဆရာက လွယ်ကူစွာနဲ့၊ "အေးပါ ခရစ္စမတ်နေ့ကလဲ မထွက်ရတော့ နှစ်သစ်ကူးနေ့ကို ထွက်ခွင့်ပေးမယ်" တဲ့လေ။ ဟာ...ပျော်လိုက်တာနော်။ နှစ်သစ် နှင့်အတူ လွဲချော်မှုတွေ မရှိဘဲ ပျော်ရွှင်နိုင်ပါရစေလို့ ဆုတောင်းနေမိတယ်။ ဒါပေမယ့် ဒီဇင်ဘာလ (၃ဂ) ရက်နေ့ ရောက်လာတော့ ဆရာက "penny ဒီဇင်ဘာ (၃၁)ရက်နေ့ ကိုထွက်ပါလား။ နှစ်သစ်ကူးနေ့ ဆရာ မအားဘူး" တဲ့လေ။ မျှော်လင့်ခဲ့ရတဲ့ ပျော်ရွှင်စရာ နှစ်သစ်ကူးနေ့ မျှော်မှန်းချက်တွေဟာ သွားပြန်ပြီ။ ဒီလွဲချော်မှုတွေက အဆုံးသတ် သွားခဲ့ပြီလို့ ထင်ခဲ့မိပေမယ့် နှစ်သစ်ကူးနေ့အထိကို လိုက်လာတယ်။ ဘုရားကျောင်းကို သွားပြီး ဆုတောင်းခြင်းနဲ့ နှစ်သစ်ကို ပျော်ရွှင်စွာ ကြိုဆိုမယ်လို့ မျှော်မှန်း ထားတဲ့အရာက လွဲချော်သွားခဲ့ရပြန်ပြီ။ ဒီတစ်ကြိမ်မှာတော့ ဒို့ အရမ်း ဂမ်းနည်း နေမိတယ်။ ကိုယ့်ရဲ့ လက်ရှိဘဂကိုလဲ မကျေနပ်စွာ ငိုကြွေးနေမိခဲ့တယ်။ လွဲ ချော်မှုကိုလဲ သိပ်မုန်းတီးနေမိတယ်။ ဒီလိုနဲ့ ထာဂရဘုရားသခင်ရဲ့ စောင့် ရှောက် မှုကြောင့် ကျန်းမာစွာ နေထိုင် လာရင်း၊ မွေးရပ်မြေ အိမ်ပြန်ချိန် နေ့ရက်က ဆိုက် ရောက်လာခဲ့ပြီ။ ဒို့ကိုဆရာကတော်က "penny ဒီမှာနင်ရဲ့ လေယာဉ်လက်မှတ် လာယူပါ" လို့ ပြောလိုက်တော့



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၅ မတ်လ ၂၀၁၁ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ဒို့လဲ မှိုရတဲ့ မျက်နှာပေး လေးနဲ့ပျော်ရွှင်စွာ အလျင် အမြန် ယူပြီး ကြည့်လိုက်မိချိန်မှာ "ချစ်မိတ်ဆွေ၊ ဒို့ ရဲ့လေယာဉ်လက်မှတ် အိမ်ပြန်ချိန် ခရီးက ဒို့မျှော်မှန်းထားတာက အိမ်ကို ပြန်ဖြစ်ခဲ့မယ်ဆိုရင် ဒီနှစ် ခရစ္စမတ် (၂၅-၁၂-၂၀၁၀) နေ့ကိုတော့ မွေးရပ်ဇာတိ၊ မိဘရင်ခွင်၊ မောင်နှမအားလုံး၊ ချစ်သမီးလေး၊ မိသားစု စုံလင်စွာ အတူတကွ ပျော်ရွှင်ကြမယ်လို့ စိတ်ကူးမျှော်မှန်းထားခဲ့တယ်လေ။ ဒါပေမဲ့ လေယာဉ်မှာတော့ နိုဝင်ဘာ(၂၇)ရက်နေ့ ဖြစ်ပြန်ရပြီး ဒီဇင်ဘာ(၂၇)ရက်နေ့ ဒီစင်္ကာပူနိုင်ငံကို ပြန်လာရမယ်တဲ့လေ။ လွဲလေသမှ သိပ်ကို လွဲခဲ့လေခြင်း။ နှလုံး အိမ်မှာ ဝမ်းနည်းစွာ ငိုကြွေးခဲ့မိတယ်။ ရှိလေခဲ့တဲ့ ခွန်အား၊ အင်အား တွေလဲ ကုန်ခမ်းသွားသလို ခံစားရတယ်။ ဒို့ရဲ့စိတ်၊ ခန္ဓာတွေဟာ ပျော်ရွှင် မှုမရှိပဲ ရီဝေ၊ တွေဝေ နေမိတယ်။ လွဲချော်မှုတွေနဲ့ ကြုံနိုင်လွန်းတဲ့ "ငါ"ပါ လား။ လို့တွေးနေမိတယ်။ ဒါနဲ့ ဆရာကို "ဆရာ ကျွန်မကို နိုဝင်ဘာ (၃၀) ရက်နေ့ ပြန်ခိုင်းပြီး ဒီဇင်ဘာ(၃၁) ရက်နေ့ ပြန်လာဖို့ နေ့ရက်ရွှေ့ပေးပါ။ ကျွန်မ အမေ၊ မိသားစုတွေနဲ့ ဒီနှစ် ခရစ္စမတ် နေ့မှာ အတူတူ ပျော်ရွှင်ချင်တယ်လို့" တောင်းဆိုလိုက်တော့ ဆရာက ဘာပြောလိုက် တယ် ထင်သလဲ! "penny ဆရာတို့ ဒီမှာ ဘယ်လောက်ထိ အလုပ်ရှုပ်နေတယ် ဆိုတာ နင်လဲ မြင်နေတာပဲ။ နေ့ရက်က လုံးဝ ရွှေ့ပေးလို့မရဘူး။ နင့်ရဲ့အမေကို ပြော လိုက်ပါ။ လူထက် အလုပ်က ပိုအရေးကြီးတယ်လို့ ပြီးတော့ နင့်ကို (၁)လလုံး ခွင့်ပေး ထားပြီပဲ။ တော်ပြီပေါ့"တဲ့လေ။ လွယ်ကူစွာ ပြောရက်လိုက်တဲ့ သိပ်လှတဲ့ စကား လုံးတွေ ကောင်းမှကောင်းပါပဲ။ ဝမ်းနည်းစွာ လူထက် အလုပ်က ပိုအရေးကြီး နေပါ လား။ လို့တွေးရင်း ကိုယ့်ရဲ့နဖူးကို ကိုယ် "ဖတ်"ခနဲ ရိုက်လိုက်မိတယ် ဒါပေမယ့် ကိုယ့်ဝမ်းနာ ကိုယ်သာ သိမို့ သေချာစွာ မိသားစု အရေးကို စဉ်းစား လိုက်မိချိန်မှာ တော့ ဒီမှာ အလုပ် လာမလုပ်ရရင်လဲ မဖြစ်နိုင်တဲ့အခြေအနေ ကြောင့် မကျေမနပ်နဲ့ ကျေနပ် လိုက်ရပြန်ပါတော့တယ်။ အိမ်ပြန်ချိန် နေ့ရက်ကိုလဲ ဘာများ လွဲချော်အုံးမလဲ မသိ ဆိုပြီး ရင်တထိတ်ထိတ်နဲ့ စိုးရိမ်နေမိတယ်။ ချစ်မိတ်ဆွေ သင်လဲပဲ ဒို့လို လွဲချော်မှု တွေနဲ့ ရင်ဆိုင်ကြုံတွေ့ရတဲ့ အချိန်အခါမျိုးမှာ မကျေမနပ်နဲ့ ကျေနပ်နိုင်အောင် ကြိုးစား ပါနော်။ ဒို့လဲ လွဲချော်မှုရဲ့ အဆုံးသတ်ကို အမြဲတမ်း ဆုတောင်းရင်းနဲ့ မျှော်လင့်နေ မယ်။ ဩော်....လွဲချော်မှုတွေ ဘယ်တော့များ အဆုံးသတ်မှာလဲကွယ်။ လွဲချော်မှု ရဲ့ အဆုံးသတ်က ဘယ်တော့များ ရောက်ရှိလာမှာလဲ။ လွဲချော်မှုရဲ့ အဆုံး သတ်ကို လွဲချော်မှု မရှိဘဲ မျှော်လင့်စောင့်စားလျက်....။ F. penny (mizo) တမူး





## "သက်သေခံချက်"

ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည်ဆင်းရဲမခံရ (ဆာလံ ၂၃း၁)။

"သခင့်စကား"စာစောင်ကို ဖတ်မိတိုင်း၊ ဝမ်းမြောက်မိတယ်။ ခွန်အား လည်း ရပါတယ်။ သက်သေခံချက်တွေကို ဖတ်ပြီး၊ ကျမလည်း ဘုရားရှင်ရဲ့ စောင်မမှုအတွက် သက်သေခံချက် ရေးမယ် လို့ ဆုံးဖြတ်လိုက်တယ်။ ရေးကို ရေးရမှာ။ ဘုရားရှင်ရဲ့ ကောင်းကြီးမင်္ဂလာကို အများအပြား ခံစားနေရတဲ့အထဲက၊ စောင့်ရှောက် ကွယ်ကာမှု၊ ခံစားရခြင်း၊ အကျိုးတစ်ခုကို တိုတိုနဲ့လိုရင်း ဘဲသက်သေခံ တင်ပြပါရစေ။ဘုရားရှင်ရဲ့ ကောင်းကြီးကြောင့် ဒီစင်္ကာပူကို ရောက်ခဲ့တယ်။ (Domestic helper) "Maid" အနေနဲ့ပါဘဲ။ စိတ်ထဲမှာတော့ "အင်း..ငါ ဘယ်လို တွေ့ကြုံ ရင်ဆိုင် ရအုံးမှာလဲပေါ့။" ဘာကြောင့်လဲဆိုတော့ ကြား ကြားသမျှတွေဟာ၊ နားထဲမှာ၊ ပျားသကာ လောင်း သလိုမှ မချိုလေတော့။ ဒါပေမယ့် အရေးကြီးတဲ့တစ်ခုကို ဆုပ်ကိုင် ထားတယ်။ အဲ့ဒါက ကျမရဲ့ "ဘုန်းကြီးတော်မူသော ဘုရားရှင်ကို ကိုးစားခိုလှုံခြင်း" ဘဲ၊ ကျမ်းစာဖတ်တယ်၊ ဆု တောင်းတယ်။ တစ်နေ့.."သန့်ရှင်းရေးလုပ်ရင်းနဲ့ ညာဘက် လက်မကို တစ်ခုခု စူး သလို၊ ဖြစ်မိ" သွားတယ်။ ဒါပေမယ့်အနာ မမြင်ရဘူး၊ နာလဲ မနာ တော့၊ ဘာမှ မဖြစ်လောက်ဘူးထင်နေတာ။ Boss ကိုပြောတော့၊ သူ ကမေးတယ် "နာလား"တဲ့။ ကျမကလည်း "မနာဘူး"ပေါ့။ အနာက နာမှ မနာဘဲ။ နောက်ရက် အနည်းငယ်မှာ နာလာတယ်။ Boss ကိုပြောတော့ သူ့ဘာသာသူ နေတယ်။ ကျမလည်း မပြော တော့ဘဲ ဆုတောင်းပြီး ကိုယ့်ဖာသာ ကြည့်လုပ်တယ်။ (အနာဆေး ထည့်ဖို့ First Aid Box)လည်း မရှိဘူး။ သောက်ဆေး ရေးပေးပြီး ဝယ်ပေးပါလို့ ပြောတော့၊ ဒီနိုင်ငံမှာ ဆရာဝန်လက်မှတ် မပါဘဲ ဝယ်လို့မရဘူးလို့ သူပြောတယ်။ ပြီးတော့ သူ့ဖာသာသူ နေတယ်ဆိုတော့ ကျမလည်း ဒီလိုနေရင်းနဲ့ အနာက တအား ကိုက်ပြီး ညအိပ်မရတဲ့ အထိဖြစ်လာတယ်။ ညာဘက် ထပြီး အနာပူတဲ့ နေရာကို ရေနဲ့စိမ်၊ ရေခဲနဲ့ ကပ်၊ အနာက ပိုဆိုး၊ မပြောရဲနဲ့ (ရောက်တာမကြာသေးတော့) ဒါမှ Boss ကမေးတယ် "နာလား၊ အိပ်မရဘူးလား" တဲ့ ကျမလည်း "ဟုတ်တယ်"လို့ နောက် ဆေးခန်းတွေ ပြရတော့တာပေါ့။ သူက ဆူသေးတယ်။ "ဘာ လို့ မနာဘူး ပြောတာလဲ"တဲ့၊ "ပြောတယ်"လို့ ပြောတော့ သူက ငြင်းတယ်။ "နာတယ်လို့မ ပြောဘူး"တဲ့။ ဒုက္ခ။ ရိုးရိုး Clinic ကနေ Poly Clinic ကိုသွားခိုင်းတယ်။ ဒါနဲ့ မသက်သာဘူး။ ဒါကြောင့်ဆေးရုံကို "refer" လုပ်တယ်။ ဆေးရုံက "Alexandra Hospital"ပါ။ အရိုး အထူးကုဆရာဝန်ကြီးက ဆေးရုံ တက်ရမယ်တဲ့။ ဘာလို့လဲ ဆိုတော့ ဓါတ်မှန်အဖြေက ပိုးဟာ အရိုးထဲထိ ရောက်နေလို့ဘဲ Oh-my God!!! ကျမ ထိတ်လန့်ပြီး၊ ဘုရားသခင်ကို ဆုတောင်းတယ်။ ဒါနဲ့ ဆေးရုံတက်ပြီး၊ Operation လုပ်ရမယ်။ အနာကို ဆေးကြောသန့်စင်ပေးဘို့ ဖြစ်တယ်။ ပဋိဇီဝဆေးကို အကြောက တဆင့် ထိုးပေးရမယ်။ ဆရာဝန်ကြီးက "Operation" ကိုမေ့ဆေးနဲ့ဘဲ လုပ်ရမယ် ပြောတယ်။ ကျမက "ထုံဆေး"နဲ့ဘဲ လုပ်ပေးပါဆိုတော့ "မရဘူး" တဲ့။ ဒါနဲ့ ကျမ ဘာမှ မလုပ်တတ်တော့ "ဆုဘဲတောင်းတယ်" Operationဟာ ခန်းထဲ ဝင်ကာနီးမှာ မြန်မာ Nurse တစ်ယောက်က ကျမကို "အဲဒါ မေ့ဆေး ဆရာဝန်မတဲ့" ဒါနဲ့ ကျမက မေ့ဆေး ဆရာဝန်မကို Request လုပ်တယ်။ "ကျမကို ထုံဆေးနဲ့ဘဲ လုပ်ပေးပါလို့"ပေါ့ ဆရာဝန်မက "ရပါတယ်" တဲ့။ Oh ကျမ ဝမ်းသာသွားတယ်။ အိပ်ဆေးတော့ နဲနဲ ထိုးပေးလိုက်တယ်။ ဘာလို့လဲ ဆိုတော့ Operation ခန်းထဲက အတွက် "မေ့ဆေး ဆရာဝန်မ"ကို ကျေးဇူးတင်ကြောင်းပြောတော့ မနည်း မျက်ခွံပင့်ပြီး တလုံးချင်း အားယူ ပြောရတယ်။ ဘုရား ကျေးဇူးတော်ကြောင့် ကျမ ဆန္ဒအတိုင်း ထုံဆေးနဲ့ လုပ်ဖြစ်တယ်။ ဒါနဲ့ဆေးရုံ (၅)ရက် တက်လိုက်ရတယ်။ ကျမကို Operation လုပ်ပေးတဲ့ ဆရာဝန်ကို မေးတယ်။ "ကျမလက် နဂိုလို ပြန်ကောင်းလာမလား" ဆိုတော့ ၅၀-၅၀ တဲ့ (အကောင်းနဲ့အဆိုး တစ်ဝက်စီတဲ့) ကျမ ဆေးသောက်တိုင်း အနာဆေး ထည့်တိုင်း ဆုတောင်းတယ်။ ဆေးရုံဆင်းတော့ ဆေးတွေဆက်ပြီး သောက်ရတယ်။ (၆ လ ဆေးသောက်ရတယ်) Follow-up သွားပြရတယ်။ Boss ကလဲ ငြူစူပြီပေါ့။ ကိုယ့် အပူက မသေးဘူး၊ လက် အနာက တစ်ဘက် (အနာက ရိုးရိုးမဟုတ်၊ အရိုးထဲ ပိုး ရောက်တဲ့အနာ) အိမ်အလုပ်နဲ့ အဖိုးကြီး ကြည့်ရတဲ့အလုပ် ဆုတောင်းရင်း ကိုယ့် အနာ ကိုယ့်ဖာသာကိုယ် ဆေးထည့်တယ်။ (ဆေးရုံက Instruction အတိုင်း) ဒါနဲ့ အနာက တဖြည်းဖြည်းနဲ့ အတော့်ကိုကောင်းလာတယ်။ ကျမ ရက်ချိန်းတိုင်း ကြည့် ပေးတဲ့ ဆရာဝန်က (Operation လဲ သူဘဲလုပ်တယ်) ကျမ အနာကို ကြည့်ပြီး အနာ ကောင်းတာကိုမြင်တော့ ဆရာဝန်က ပြောလာတယ်။"I'm surprise!တဲ့ ဘယ်သူ ဆေးထည့် လဲတဲ့?" ကျမက "ကိုယ့်ဖာသာကိုယ် ဆေးထည့်တယ်" လို့ပြောတော့ ဆရာဝန်က ကျမရဲ့ Boss ကိုကြည့်တယ်။ Why? ပေါ့။ Boss "She is a nurse" လို့ ပြောတော့ ဆရာဝန်က ကျမ ကို ကြည့်တယ်။ ကျမက ဝမ်းနည်းပြီး မျက်လုံးနဲ့ဘဲ "Yes" ပေါ့။ (Boss က သူ့ကို ဆရာဝန် အပြစ်တင်မှာစိုးလို့ပြောတာ၊ တစ်ကယ်ဆို အနာကို ဆေးခန်းမှာ သွားထည့်ရမှာ) ဒါဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် သာလို့ ကျမ ဒက်ကနဲ သိ လိုက်ရပါတယ်။ ၆ လ နောက်ပိုင်း ပြစရာ မလိုတော့ဘူး။ နောက်ဆုံး အခေါက် အပြီးသတ် အပြမှာ ဆရာဝန်ကတော့ မှာတယ် "တစ်ခုခု ဖြစ်ရင် ပြန်လာပြပါတဲ့" လုံးဝ ကို ကောင်းသွားပါပြီ။ ဘုရားရှင်ကို ကိုးစားပြီး၊ ဆုတောင်းခြင်းရဲ့ အကျိုးကြောင့် ကျမ ညာဘက် လက်မဟာ လုံးဝကို အသုံးပြုနိုင်ပါပြီ။ စာလဲ ကောင်းကောင်း ရေးနိုင်တယ်။ ပုံပန်း မပျက် လှပနေတယ်။ ဒီစင်္ကာပူမှာ လုပ်ကိုင်တဲ့ တစ်လျှောက်လုံးမှာ ဘုရားသခင် ကာကွယ် စောင့်မပေးနေတယ် ဆိုတာ ခံစား သိရှိရပါတယ်။ ဒါကြောင့် "God is good, all the time" ဆိုတဲ့ အတိုင်း၊ အဖဘုရား သခင် ဟာ ကောင်းမြတ်တော်မူတယ်။ အပြစ်သားများကို ခွင့်လွှတ်ပြီး၊ ကြီးမားသော မေတ္တာ တော်နဲ့ အစဉ်ချစ်တော်မူတယ်။ သူ့ကို ပဌာနပြု တောင်း လျှောက်သူတိုင်း သူ ဂရုစိုက်တယ်။ နားညောင်းတော်မူတယ် ဆိုတာ၊ ကျမ ရဲ့ ညာဘက် လက်မ လေးက သက်သေခံ နေပါတယ်။ ကျမတို့ ယုံကြည်သူတိုင်း၊ ဘယ်လိုဘဲ လောကရဲ့ဒုက္ခ၊ အကြီးအသေး မဆို ခံစားရတဲ့အခါ အဖဘုရားကိုသာ သတိရပြီး မျှော်လင့် အားကိုး တောင်းလျှောက်ပါ။ "စိတ် နှလုံး၊ အကြွင်းမဲ့ ကိုးစား တောင်းလျှောက် အသနားခံလျှင်" ဆုတောင်းခြင်းရဲ့ အကျိုးကို ထိရောက်စွာ ခံစားရမယ်ဆိုတာ သက်သေခံရင်း၊ ဘုရားရှင်ရဲ့ နာမတော်ကို ချီးမွမ်းပါတယ်။ ဖတ်ရှုသူတိုင်း အဖဘုရား ကောင်းကြီးပေး ပါစေ။ ။ ထွန်းဝင့်နေ





## အသစ်သော မွေးဖွားခြင်း ( အန်ဒရူး )

ယေရှုက၊ ဒုတိယမွေးခြင်းကို မခံသောသူ မည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ရဟု ငါအမှန် အကန်ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏" (ယော၊ ၃း၃)



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၅ မတ်လ ၂၀၁၁ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ရှင်ယောဟန် ခရစ်ဝင်ကျမ်း တတိယအခန်း၌ သခင်ယေရှုနှင့် ပြောဆိုရန် ညအချိန်တွင်လာခဲ့သော နိကောဒင်၏ အကြောင်း မှတ်တမ်း တင်ထားခြင်းကို ကျွန်ုပ်တို့ ဖတ်ခဲ့ကြရသည်။ ဤသူသည် ဖာရိရှဲ အဖွဲ့ဝင်ဖြစ်ပြီး၊ ထိုအခါက ဘာသာရေး၌ စိတ် အားကြီးသော အဖွဲ့ တဖွဲ့ဖြစ်သည်။ နိကောဒင်သည် ယုဒတရားဇရပ်သို့ သစ္စာရှိစွာ တက်ရောက် သည်။ သူသည်များစွာ ဆုတောင်း၏။ သူသည် ပုံမှန် အလှူငွေ ပေးလှူ၏။ သူသည် ကောင်းမှုများစွာ ပြု၏။ သူသည် ကျမ်းစာကို ကောင်းစွာ နား လည်၏။ သူသည် ယုဒ လူတို့တွင် ဆရာတစ်ဦးဖြစ်၏။ သို့သော်လည်း သူသည် ယေရှုထံသို့ လာခဲ့၏။ နိကောဒင် လာရခြင်းအကြောင်းကို ကျွန်ုပ်တို့ အတိအကျမသိသော်လည်း သို့သော် ယေရှု၏ အသက်တာ၌ ဘုရားသခင်၏တန်ခိုးတော် ရှိကြောင်းကို သူ သိမှတ်တော်မူ၏။ ယေရှု၏ ကျမ်းစာမှ အချို့သော သွန်သင်ချက်အသစ်များက သူ၌ အထောက် အကူ ဖြစ်လိမ့်မည်ဟု နိကောဒင် ယူဆကောင်းယူဆပေလိမ့်မည်။ သို့သော် နိကောဒင်သည် သွန်သင်ခြင်းထက် သူ၌သာ၍ လိုအပ်သော အကြောင်းအရာအချို့မှာ သူသည် ဒုတိယ မွေးခြင်းကို ခံရန် လိုအပ်ခြင်း ဖြစ်သည်။ ယေရှုက သူ့အား " ဒုတိယမွေး ခြင်းကို မခံသော သူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန် ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏" ဟု ဆိုသည်။(ယော၊ ၃း၃) ဤမိန့်တော်မူခြင်းက သူ့အား တုန်လှုပ်စေ၏။ သူသည် ဘုရားသခင် ရွေးကောက်သော လူမျိုးတော်ဝင် ယုဒတစ်ဦး မဟုတ်ပေဘူးလား။ သူသည် အကျင့်ကောင်းသော သူတစ်ဦး မဟုတ်ပေဘူးလား။ သူသည် ယုဒလူတို့တွင် ကျမ်းဆရာ တစ်ဦး မဟုတ်ပေဘူးလား။ ဟုတ်ပေသည်။ နိကောဒင်သည် ထိုအရာ အားလုံးဖြစ်ပေ၏။ သို့သော် သူသည် အာဒံ၏အပြစ်သား မိသားစု ဝင်လည်း ဖြစ်နေသေး၏။ သူသည် ဘုရားသခင်၏သား တစ်ဦး မဟုတ်ပါ။ ယေရှုသည် နိကောဒင်အား တဖန်ထပ်၍ မြွက်ဆိုသည်မှာ " ဇာတိပကတိမွေးသောအရာသည် ဇာတိပကတိ ဖြစ်၏။ ဝိညာဉ်တော် မွေးသောအရာသည် ဝိညာဉ်ဖြစ်၏။- ဒုတိယမွေးခြင်းကိုခံရမည်ဟု ငါ ဟောပြော သည်ကို အံ့သြခြင်းမရှိနှင့်။"ဟု ဆို ၏။(ယော၊ ၃း၆-၇) ဤနေရာ၌ သခင်ယေရှုက ဒုတိယ မွေးခြင်းသည် ပကတိ မရှိမဖြစ် လိုအပ် ကြောင်းကို ကြေညာတော်မူ၏။ ဤကား နိကောဒင် တစ်ဦးတည်း ကိုသာ မြွက်ဆိုနေခြင်း မဟုတ်ပါ။ လူ ပုဂ္ဂိုလ် အားလုံးကိုလည်း မြွက်ဆိုနေခြင်း ဖြစ်သည်။ "သင်သည် မည်သူ မည်ဝါ ဖြစ်နေပါစေ။ ဒုတိယမွေးခြင်းကို ဧကန် အမှန် ခံရပေမည်"။ ကျွန်ုပ်တို့သည် "အထက်အရပ်မှဖြစ်သော" သန့်ရှင်းသော ဝိညာဉ်တော် အားဖြင့် ဒုတိယမွေးခြင်းကို ခံရပေ မည်။ ဘုရားသခင်၏ သားသမီး ဖြစ်လာရန် အခြားသော နည်းလမ်းမရှိပါ။ ကျွန်ုပ်တို့၏အပြစ်များအတွက် လက်ဝါးကပ်တိုင်ပေါ် အသေခံသော ယေရှု ခရစ်၌ ယုံကြည်ခြင်းသည် အသစ်သော မွေး ဘွားခြင်း၌ လိုအပ်သော အရာ ဖြစ်သည်။ သခင်ယေရှုသည် နိကောဒင်အား ဣသရေလ၏သားသမီးများ တောထဲ၌ လှည့်လည်ခဲ့စဉ်က သူတို့၌ ဖြစ်ပျက်ခဲ့သော အကြောင်းအရာ အချို့ကို သူ၌ အမှတ်ရစေရန် သတိရ ပေးခြင်းဖြင့် ရှင်းပြခဲ့၏။ လူများသည် တောထဲ၌ ဘုရားသခင်နှင့် မောရှေကို ဆန့်ကျင်ခဲ့ကြ၏။ ထိုကြောင့် ဘုရားသခင်သည် မီးမြွေကို သူတို့ထဲသို့စေလွှတ်ခဲ့၏။ မြွေ ကိုက်ခံရသော သူတို့သည် သေကြ၏။ လူများတို့သည် သူတို့၏အပြစ်ကို တောင်းပန်ပြီး သေခြင်းဘေးမှ လွတ်မြောက်ရန် မောရှေ ထံ ငိုကြွေးခဲ့ကြ၏။ မောရှေသည် ဘုရားသခင်ထံ ဆုတောင်း တော်မူ၏။ ထာဝရဘုရားက မောရှေအား ကြေးဝါဖြင့် မြွေရုပ်ကို ပြုလုပ်ပြီး တိုင်ထိပ် တွင် ထားရှိရန်နှင့် ထိုသို့ လူတိုင်း မော့်ကြည့်ခြင်းဖြင့် အသက်ရှင်ခြင်းသို့ ရောက်နိုင် မည့်အကြောင်း မိန့်မြွက်တော်မူ၏။ မောရှေသည် ဘုရားသခင် မိန့်တော်မူသည့်အတိုင်း ပြုတော်မူ၏။ (တော၊ ၂၁း၉) ထိုနောက် ယေရှုက " မောရှေသည် တော၌ မြွေကို မြှောက်ထားသကဲ့သို့ လူသား သည် မြှောက်ထားခြင်းကိုခံရမည်။- အကြောင်းမူကား၊ ထို သားတော်ကို ယုံကြည် သော သူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရ အသက်ကို ရမည် အကြောင်း တည်း။"ဟု ဆိုသည်။(ယော၊ ၃း၁၄-၁၅) ဣသရေလ လူများသည် တိုင်ပေါ်တွင်ရှိသော ကြေးဝါမြွေကို ယုံကြည်ခြင်းဖြင့် မော့်ကြည့်ရုံဖြင့် ကိုယ်ခန္ဓာ သေခြင်းမှ ကယ်တင်ခြင်းသို့ ရောက်ခဲ့ကြ၏။ ထိုကဲ့သို့ပင် လက်ဝါးကပ်တိုင်ပေါ် အသေခံသော ယေရှုကို ယုံကြည် ခြင်းဖြင့် မော့်ကြည့်သော် ထာဝရသေခြင်းမှ ကယ်တင်ခြင်းသို့ ရောက်ကြရမည်။ အသစ် သော မွေးခြင်း၌ သန့်ရှင်းသောဝိညာဉ်တော်သည် ထာဝရဘုရား၏နှုတ်ကပတ်တော်ကို အသုံး ပြုခြင်းဖြင့် ပြုသော အမှုဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ် တော်ကို ကြားနာ ခြင်းနှင့်ယုံကြည်ခြင်း မရှိဘဲ မည်သူမျှ ဒုတိယတဖန် မွေးခြင်းကို မခံရနိုင်ပါ။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ခြင်း မပါဘဲနှင့် မည်သူမျှ တဖန် ဒုတိယ မွေးခြင်းကို မခံရနိုင်ပါ။ ဤနေရာ၌ ကျမ်းပိုဒ် အချို့အားဖြင့် ရှင်းလင်းစွာ နားလည်နိုင်သည်။ နိမ္မိတသတ္တဝါတို့တွင် ငါတို့သည် အဦးသီးသောအသီးကဲ့သို့ ဖြစ်စေခြင်းငှါ၊ သမ္မာတရားစကားအားဖြင့် မိမိအလိုတော် အတိုင်း ငါတို့ကိုဖြစ်ဘွားစေတော်မူ၏" (ယာ၊ ၁း၁၈)။ (၁ပေ၊ ၁း၂၃)။ (ယော၊၃း၆)။ အသစ်မွေးဘွားခြင်း၌ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အသုံးပြုတော်မူသည်။ လူ တစ်ဦးသည် အသစ်သော မွေးခြင်းကို မခံရမီ သူသည် အပြစ်သားတဦးဖြစ်ကြောင်း သူ သိမှတ်ရပေမည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အသုံးပြု၍ ကျွန်ုပ်တို့သည် ကယ်တင်ရှင်ကို လိုအပ်သော အပြစ်သား များဖြစ်ကြောင်း ဖေါ်ပြတော်မူသည်။ ထိုနောက် သန့်ရှင်း သောဝိညာဉ်တော်သည် ထို နှုတ်ကပတ်တော် အားဖြင့် ကျွန်ုပ်တို့ လိုအပ် သော ကယ် တင်ရှင် သည် သခင်ယေရှုခရစ်တော် ဖြစ်ကြောင်း ဖေါ်ပြပေးသည်။ အသစ် သော မွေးခြင်းဆိုင်ရာ ထပ်မံ၍ ရှင်းလင်းပြောဆိုချက်များကို ကြည့်ကြ ပါစို့။ ကျမ်းစာ၌ သခင်ယေရှုကို ကယ် တင်ရှင်အဖြစ် ယုံကြည် လက်ခံသောသူတိုင်းသည် ဒုတိယ မွေးခြင်းကိုခံရသည်။ " ထိုသားတို့မူကား၊ -- - - ဘုရားသခင် ဘွားတော်မူသော သားဖြစ်သတည်း"ဟု ဆိုသည်။(ယော၊ ၁း၁၃) လူသား မိဘအားဖြင့် မဟုတ်ပါ။ မည်သူ တယောက်မျှ ခရစ်ယာန် တစ်ဦးအဖြစ် ဤလောကကြီးထဲသို့ မွေးဘွားလာခဲ့ခြင်း မရှိပါ။ ခရစ်ယာန် မိဘရှိခြင်းသည် အံ့ဘွယ်ကောင်းပါသည်။ သို့သော် ဤအရာက ဘုရားသခင်၏ သား ဖြစ် လာရန် မပြုလုပ် ပေးနိုင်ပါ။ ကျွန်ုပ်တို့ အယောက်စီတိုင်းသည် ဘုရားသခင်၏ အိမ်ထောင် မိသားစုထဲသို့ ဝင်ရောက်ရန် တစ်ဦးစီ တိုင်း မွေးခြင်းကိုခံရမည်ဖြစ်သည်။

လူ၏ကြိုးစားအားထုတ်မှုအားဖြင့် မိမိကိုယ်ကို ဘုရားသခင်၏သား ဖြစ်လာရန် မည်သူမျှ ပြုလုပ်၍ မရ ပါ။ ထာဝရအသက်သည် အကျင့်(အလုပ်)အားဖြင့် မရနိုင်ပါ၊ သို့သော် ဘုရားသခင်ထံမှ အခမဲ့ ကျေးဇူးတော် လက်ဆောင်ကို ယုံကြည် လက်ခံခြင်းဖြင့်သာ ရရှိခြင်း ဖြစ်သည်။ မည်သည့် တရားဟောဆရာ (သို့) သင်းအုပ်၊ ဘုန်းတော်ကြီးကမျှ သင့်အား ဘုရားသခင်၏သား ဖြစ် လာရန် မပြုလုပ်ပေးနိုင်ပါ။ ပွဲတော်မင်္ဂလာ (သို့) ဗတ္တိဇံမင်္ဂလာ စသော မည်သည့် ခရစ်ယာန်ဘာသာသွင်း မင်္ဂလာများက သင့် အား ဘုရားသားဖြစ်ရန် မပြုလုပ် ပေးနိုင်ပါ။ ဘုရားကျောင်း၌ အသင်းသားဖြစ်ခြင်းဖြင့် သင့်အား ဘုရားသား မဖြစ်စေနိုင်ပါ။ (ဧ၊ ၂း၈-၉) ကောင်းသောအကျင့် ကျင့်ခြင်း၊ ခရစ်ယာန်မိဘမှ ဆင်းသက်လာခြင်း၊ ဘာသာဝင်ခြင်း၊ ဘုရားကျောင်း သွားခြင်း စသည့် မည်သည့် အရာများ က သင့်အား ကယ်တင်ခြင်းကို မပေးနိုင်ပါ။ အသစ်သော မွေးဘွားခြင်း၌ ကျွန်ုပ်တို့၏အခန်းကဏ္ဍကား အဘယ်နည်း။ ကျွန်ုပ်တို့၏ အခန်းကဏ္ဍကား အပြစ်သားတ ယောက်အဖြစ်နှင့် သခင်ယေရှုထံ လာပြီ၊ ယေရှု ခရစ်ကို ကယ်တင်ရှင်အဖြစ် လက်ခံရမည် ဖြစ်သည်။ (ယော၊ ၁း၁၂) ကျွန်ုပ်တို့၏ အပြစ်အတွက် အသေခံသော ယေရှုခရစ်ကို အမှန်တကယ် ယုံကြည်ပြီး သူ့ကို ကယ်တင် ရှင် အဖြစ် ကျွန်ုပ် လက်ခံခဲ့ချိန်မှစ၍ ကျွန်ုပ်သည် ဒုတိယ မွေးခြင်းကို ခံခဲ့ရပြီ ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကို ကယ်တင်ရှင်အပြစ် လက်ခံခဲ့ချိန်မှစ၍ ဘုရားသခင်သည် ကျွန်ုပ် တို့အတွက် များစွာ သော အံ့ဘွယ်ရာများကို ပြုလုပ်ပေးပါသည်။ ပြုလုပ်ပေးသော အရာများထဲမှ အောက်ပါ အနည်းငယ်မျှသော အရာများမှာ၊-

၁။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဖြောင့်မတ်စေတော်မူသည်။ အဓိပ္ပါယ်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်များကို ခွင့် လွှတ်တော်မူပြီ၊ ကျွန်ုပ်တို့သည် ခရစ်တော်၌ ဖြောင့်မတ်ပြီး ဖြစ်ကြောင်းကို ကြေညာတော်မူသည်။ " ယေရှုခရစ် ရွေးနှုတ်တော်မူသောအားဖြင့် အဘိုးကိုမပေးဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏" (ရော၊ ၃း၂၄)။

၂။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အာဒံအိမ်ထောင်မိသားစုမှ ထုတ်ဆောင်ပြီး၊ ခရစ်တော်၏ အိမ်ထောင်မိသားစုတွင်း၌ ထားရှိ တော်မူသည်။ ကျွန်ုပ်တို့သည် အာဒံထဲ၌ မရှိတော့ပါ။ သို့သော် ခရစ်တော်ထဲ၌ ရှိတော်မူသည်။ ခရစ်တော်ထဲ၌ရှိခြင်း ဆိုသော အရာများကို နောက် သင်ခန်းစာများ၌ သာ၍များစွာ ကျွန်ုပ်တို့ ဆက်လက်လေ့လာကြမည်။

၃။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူ၏သားများ ဖြစ်ရသောအခွင့်ကို ပြုတော်မူသည်။ ဘုရား သခင်သည် အခြားသော သတ္တဝါ များ၌ မပြုလုပ်ပေးသောအရာ၊ အချို့သော အရာများကို ကျွန်ုပ်တို့၌ ပြုလုပ်ပေးတော်မူသည်။ ကျွန်ုပ်တို့ကို သူ၏ကိုယ်ပိုင် သား များ ဖြစ်ရသောအခွင့်ကို သူ ပြုလုပ်ပေးတော်မူသည်။ (၁ယော၊ ၃း၁)

၄။ ဘုရားသခင်သည် ကျွန်ုပ်တို့အား စိတ်နှလုံးသစ်ကို ပေးတော်မူသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား စိတ်နှလုံးသစ်ကို ပေးတော်မူပြီ၊ သူ၏ဝိညာဉ် တော်ကို ကျွန်ုပ်တို့၏ စိတ်နှလုံးသစ်၌ ကျိန်းဝပ်ရန် သူ ပေးတော်မူသည်။ ဤအရာကို အသစ်ဖြစ်ပွားစေ ခြင်းဟု ခေါ်ပါသည်။ "စိတ်နှလုံးသစ်ကို ငါပေး မည်။ သဘောသစ်ကို သွင်းထားမည်။ သင်တို့ ကိုယ်ခန္ဓာထဲက ကျောက်နှလုံး ကိုနှုတ်၍ အသားနှလုံးကို ပေးမည်။-ငါ့ဝိညာဉ်ကိုလည်း သင်တို့ အထဲသို့ သွင်းပေးသဖြင့်၊ သင်တို့သည် ငါ၏ တရားလမ်းသို့ လိုက်၍၊ ငါစီရင်တော်မူချက်တို့ကို စောင့်ရှောက်ကြလိမ့်မည်" (ယေဇ၊ ၃၆း၂၆-၂၇)။ ဤနေရာ၌ ကျွန်ုပ်တို့ ရှင်းလင်းစွာ နားလည်ထားရန်မှာ ဒုတိယမွေးခြင်း ခံရစဉ် ကျွန်ုပ်တို့၏ ဇာတိဟောင်းသည် ဖယ် ရှားခြင်းကို မခံရပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အပြစ်ရှိသော ဇာတိဟောင်းကို ဖယ်ရှားမပေးခဲ့ပါ၊ သို့သော် သူသည် ၎င်းကို အောင်မြင်ရန် သူ၏ အသက်တာကို ပေးခဲ့ပါသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ကို သိမ်းဆည်းရန် ကြွ လာသည့် နေ့ရက်တိုင် အောင် ကျွန်ုပ်တို့၏ဇာတိဟောင်းကို ဖယ်ရှားပေးလိမ့်မည် မဟုတ်၊ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ ကျိန်းဝပ်တော်မူခြင်းဖြင့် ကျွန်ုပ် တို့သည် အပြစ်ရှိသော တတ်မက်သော စိတ်ဆန္ဒများ အပေါ် အောင်မြင်ခြင်းကို ရနိုင် ပါသည်။


၅။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ထာဝရအသက်ကို ပေးတော်မူသည်။ ကျွန်ုပ်တို့သည် ဘုရား သခင်နှင့် ဘယ်သောအခါမျှ ကွဲကွာခြင်း မရှိတော့ပါ။ (၁ယော၊ ၅း၁၁-၁၂)



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၅ မတ်လ ၂၀၁၁ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့ ဒုတိယမွေးခြင်းခံရစဉ် အခြား အံ့ဘွယ်သောအရာများစွာ ကျွန်ုပ်တို့၌ ပြုတော်မူသည်။ သူသည် ကျွန်ုပ်တို့ကို ခရစ်တော်၌ တည်စေတော်မူသည်။ သူ၏သားတော်နှင့် ကျွန်ုပ်တို့ကို ဆက်သွယ်ပေါင်းဖက်စေသည်။ သူသည် ကျွန်ုပ်တို့ကို မှောင်မိုက်နိုင်ငံနှင့် အပြစ်တန်ခိုးမှ လွတ်မြောက်စေသည်။ သူသည် ကျွန်ုပ်တို့အတွက် လောက၊ဇာတိနှင့် မာရ်နတ်တို့အပေါ် အောင်မြင်ခြင်းကိုရနိုင်ရန် ပြုလုပ်ပေးခဲ့ပါသည်။ ဤအရာများ အားလုံးသည် ကျွန်ုပ်တို့၌ စတင်ဖြစ်လာလိမ့်မည်၊ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်တို့သည် ဒုတိယမွေးခြင်းကို ခံရပြီးဖြစ် သောကြောင့် ဖြစ်သည်။ သင်သည် ဒုတိယမွေးခြင်းကို ဧကန်အမှန်ခံရ ပြီးပြီလား။ သခင်ယေရှု ပြုတော်မူခဲ့သော ကျေးဇူးတော်များကြောင့် ကျွန်ုပ်တို့သည် ဒုတိယမွေးခြင်းခံရန် အခွင့်ကို ရနိုင်ခဲ့ကြပြီ။ ဒုတိယ မွေးခြင်းကို ခံခဲ့ရသော ၎င်းမွေးခြင်းက ကျွန်ုပ်တို့၏ အသက် တာများ၌ ပြောင်းလဲ မှုများကို ပြုလုပ်ပေး ပေလိမ့်မည်။ ။ အန်ဒရူး





---

## အစာသစ် (မင်းအောင်သက်လွင်)


စင်ကာပူကို ရောက်နေတဲ့ မိန်းမတစ်ယောက် ဟာ ဒီမှာ ဝယ်လို့ မရတဲ့ ဂျုံးမြစ် အဖူး၊ ပုရစ်ကြော်၊ ဥတစ်လုံး ကြည်သွန်ဖြူ တွေကို မြန်မာပြည်က လူကြုံရှိရင် တကူးတက မှာယူ စားသောက် လေ့ ရှိပါတယ်။ စင်ကာပူမှာ ရှိနေတဲ့ မြန်မာ လူမျိုးတော်တော် များများဟာ မြန်မာပြည်က ရိုးရာအစားအစာကို ခက်ခက်ခဲခဲ ဈေးကြီးပေး အပင်ပန်းခံပြီး သယ်ယူ မှာစားလေ့ရှိပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ဟာ မြန်မာပြည်ပေါက်တွေ ဖြစ်တဲ့အတွက် စားနေကျ မြန်မာအစာကို တမ်းတကြတာ ဖြစ်ပါတယ်။ နိုင်ငံခြားကို ရောက်မှ နိုင်ငံခြားသားတွေစားတဲ့ အစာဟာ သူတို့ အရင်တုံးက တစ်ခါဖူးမှ မစား ဖူးတဲ့၊ စားလေ့စားထ မရှိတဲ့ အစာသစ်တွေ ဖြစ်နေလို့ပါဘဲ။ အစာသစ်တွေကို စားရတော့ အာသာ မပြေ၊ မချင့်မရဲဖြစ်၊ ဗိုက်မဝ၊ ဖြစ်ပြီး အစာဟောင်းကို ချင်ခြင်းတပ်ခဲ့ရပါတယ်။ အစာသစ်နဲ့ လိုက်လျော ညီထွေဖြစ်အောင် မစားတတ်၊ အာဟာရ မယူတတ်တဲ့တွက် အစာအတွက် ရတက်မအေး ဖြစ်ရပြန်ပါတယ်။ မြန်မာပြည်မှာ ပေါက်ပြီး သက်လတ်ပိုင်း အရွယ်မှာမှ ဩစတေးလျား ရောက်နေတဲ့ သူငယ်ချင်းတစ်ယောက် ၇နှစ်ကြာပြီးမှ မြန်မာပြည်ကို အလည် ပြန်လာတဲ့အခါ ဩစတေးလျားက စားနေကျ အစာသစ်တွေကို စားနေရာမှ မစားရတာကြာပြီဖြစ်တဲ့ မြန်မာပြည်က အစာဟောင်း တွေကို စားမိပြီး အစာအိမ်က လက်မခံတဲ့အတွက် ဝမ်းပျက်ဝမ်းလျှော သွားပါတယ်။

၂၀၀၃ ခုနှစ် တုံးက ကျွန်တော်လဲ မင်္ဂလာ ဆောင်ဖို့အတွက် စင်ကာပူကနေ မြန်မာပြည်ကို ပြန်လာခဲ့ပါတယ်။ စင်ကာပူမှာ ၂နှစ်နေခဲ့ပြီးလို့ ဟိုမှာစားနေကျ အစာတွေအစား မင်္ဂလာမဆောင်ခင် တစ်ည အလိုမှာ ကရင် နှစ်သစ်ကူးကျင်းပတဲ့ အင်းစိန်မြို့ အာလိမ်ငါးဆင့် ဘုရားနားက လမ်းဘေးမှာ ရောင်းတဲ့ ဘူးသီးကြော်နဲ့ အချဉ်ကို သွားစားမိလို့ ဝမ်းလျော ဝမ်းသွား ခဲ့ပါတယ်။ မင်္ဂလာဆောင်တဲ့နေ့မှာ ဝမ်းပိတ် ဆေးတွေ နင်းကန်စားပြီး ဝမ်းကို ထိန်းထား ရပါတယ်။ မင်္ဂလာဆောင်မဲ့ နေ့မှာ ဝမ်းမသွားရအောင် ဝမ်းပိတ်ဆေး ကြိုသောက် ထားလို့ ဘာမှမဖြစ်ခဲ့ပေမဲ့ မင်္ဂလာဆောင်ပြီး နောက်တစ်နေ့ မှာတော့ ထိန်းချုပ်လို့ မရတဲ့အတွက် ဝမ်းလျော ဝမ်းသွားခဲ့တာ အခါ သုံးဆယ် တောင်ရှိခဲ့ပါတယ်။ ကျွန်တော့် အဖြစ်နည်းတူ အစားအစာ မလတ်ဆတ်တာ၊ မကောင်း တာ စားမိခဲ့တဲ့ ငယ် သူငယ်ချင်း တစ်ယောက်ဟာ ဘွဲ့ယူမဲ့ နေ့မှာ ဘွဲ့နှင်းသဘင် ခန်းမ ထဲမှာ ထိုင်နေရင်း ဗိုက်အရမ်း နာလာတဲ့အတွက် အလှည့်မကျခင် ငါးမိနစ် အလိုမှာ ဘွဲ့ ဝတ်ရုံကြီး တကားကားနဲ့ ဘွဲ့နှင်းသဘင် ဘေးနားက ချုံပုတ်ထဲမှာ အခင်းကြီး သွားခဲ့ ရပါတယ်။ အစာကို မစားတဲ့လူ၊ သတ္တဝါ မရှိသလောက်ကို ရှားပါးပါတယ်၊ လူ သတ္တဝါမှန်ရင် အစာ အာဟာရကို မှီဝဲသုံးဆောင်ပါမှ ရှင်သန် ကြီးထွားမှာ ဖြစ်ပါ တယ်။ ဒါပေမဲ့ သတိပြုဖို့က အစာဟောင်းကို မစားမိဖို့ လိုပါတယ်။ အသစ်နဲ့ အဟောင်း ပူးတွဲသုံးက ပြဿနာဖြစ်တတ်ပါတယ်။ စပျစ်ရည် အသစ်နဲ့ ဗူးအဟောင်း တွဲသုံးလို့ မရပါ လို့ သမ္မာကျမ်းစာထဲမှာ ဥပမာ ပေးထားပါတယ်။ တွဲသုံးခဲ့ရင် စပျစ်ရည် အသစ်က ဗူးအဟောင်းကို ဆုတ်ကွဲ စေလိမ့်မယ်လို့ ဆိုထားပါတယ်။ အသက်တာသစ် တည်းဟူသော ဗူးအသစ်ထဲမှာ စပျစ်ရည်သစ် တည်းဟူသော အစာသစ် (ဘုရား သခင် ၏ နှုတ်က ပါတ်တော်)ကို ထည့်သွင်းရမှာ ဖြစ်ပါတယ်။ မဿဲ ၉း၁၆-၁၇ ယေရှု ခရစ်တော်ကို အရှင်သခင်အဖြစ် ထားသူရဲ့ အသက်တာဟာ လူသစ် အဖြစ်နဲ့ အသက်ရှင် နေရပါပြီ။ ဒီလို လူသစ်အဖြစ် အသက်ရှင် နေချိန်မှာ ဝိညာဉ်ရေးရာနဲ့ သက်ဆိုင်တဲ့ အစာသစ် တွေကို စားသုံးပြီး အသက်တာသစ်ကို ကြီးထွား ရှင်သန် စေရမှာ ဖြစ်ပါတယ်၊ လူသစ် ဖြစ်နေရဲ့ သားနဲ့ အစာ ဟောင်းကို ပြန်လည် စားသုံးမိသူဟာ မင်္ဂလာ မဆောင်ခင် ဝမ်းလျော ဝမ်းပျက် ခဲ့တဲ့ ကျွန်တော့် ကို နမူနာ ယူရမှာ ဖြစ်ပါတယ်။ သခင်ယေရှု ခရစ်တော်ကို ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်သူများရဲ့ အသက်တာဟာ အသစ်သော အသက်တာကို လျှောက်လှမ်းရမှာ ဖြစ်ပါတယ်။ အသစ် သော အသက်တာအတွက် အစာသစ် ဖြစ်တဲ့ နှုတ်ကပါတ် တော်ကို နေ့စဉ်မှီဝဲ ရမှာပါ၊ အစာသစ်ကို မှီဝဲခြင်းအားဖြင့် ရရှိလာတဲ့ ခွန်အား အသစ် နဲ့ အသက်တာ အသစ်ကို လျှောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်၊ အသက်တာသစ်ထဲမှာ လျှောက်လှမ်း နေပါလျှက်နဲ့ အစာသစ်ကို ခံတွင်း မတွေ့ဘဲ အစာဟောင်းကို ချင်ခြင်းတပ်မက် နေရင်တော့ အဆီ အငေါ် မတည့်တာတွေ အစဉ်မပြေတာတွေ တွေ့ရမှာ ဖြစ်ပါတယ်၊ ကျွန်ခံရာ အဲဂုတ္တုပြည်က ထွက်လာတဲ့ ဣသရေလ လူမျိုးတွေဟာ တောထဲမှာ ချာချာလည်နေရင်း ဘုရားသခင်ချပေး ကျွေးသနားတော်မူတဲ့ အစာသစ်ဖြစ်တဲ့ မန္နမုန့်ကို မစားနိုင်ဘဲ အစာဟောင်းဖြစ်တဲ့ အဲဂုတ္တုပြည်က အစာတွေကို ချင်ခြင်းတပ်မက်ခဲ့ကြပါတယ်။ အဲဒီလို အစာဟောင်းကို တပ်မက်မိလို့ ခေါင်းဆောင် မောရှေနဲ့ နောက်လိုက် ဣသရေလတွေ အမြဲလိုလို ပဋိပက္ခ ဖြစ်ရပါတယ်။ လမ်းဘေး ဈေးထဲမှာ တွဲဖက်ပြီး မစားရမဲ့ အစာတွေ၊ ရှောင်စားရမဲ့ အစာ တွေကို စာရင်း ပြုစုပြီး ရောင်းတာတွေ့ဖူးပါလိမ့်မယ်။ ယုံကြည်သူများရဲ့ အသက်တာမှာ လူသစ်နဲ့ အစာဟောင်း တွဲစားလို့ မရပါ ဆိုတဲ့ စာရင်းကို အသစ်ရေးသွင်းဖို့ လိုပါလိမ့်မယ်။ ၂ပေ ၂း၂၀-၂၂ ကျမ်းစာ ထဲမှာ အသစ်သော အသက်တာကို ပြောင်းလဲပြီးမှ ယခင် အသက်တာဟောင်းမှ အကျင့်ဟောင်းကို ပြန်ကျင့်သူဟာ ခွေးသည် မိမိ အန်ဖတ်ကို ပြန်၍စားသကဲ့သို့လို့ ခပ် ကြမ်းကြမ်းလေး သုံးပြီး ဥပမာ ပေးထားပါတယ်။ ကျွန်တော်တို့သည် အစာသစ် စားသော သူလား၊ အစာဟောင်းကို ပြန်လည် စားသုံးသူလား။ ။ မင်းအောင်သက်လွင်

---

### ကောင်းကြီးမင်္ဂလာ (ကာတွန်း - မင်းအောင်သက်လွင် )

**အဓိပ္ပါယ်ဖွင့်ဆိုချက်။** ။ ကောင်းကြီးတော့ ကောင်းကြီး မင်္ဂလာ ပါဘဲ။ ဒါပေမဲ့ လှမ်းလို့ မမီ တော့ စာတန်ပေးတဲ့ ကောင်းကြီးကို ဘုရားသခင်ဆီက လာတာလို့ ထင်နေတဲ့ သူ တွေ ရှိနေတုံးပါဘဲ။ စာတန်ဆီက ကောင်းကြီးလောက်နဲ့ ကျေနပ်နေသူတွေ အများကြီး ပါဘဲ။





**ဝယ်ယူနိုင်သော နေရာများ**

၁။ Myanmar Bible Society book shop. မ-၂၆၂ဆူးလေ ဘုရားလမ်း၊ ရန်ကုန်။ မြန်မာ

၂။ ယုဒသသန် နှစ်ခြင်း အသင်းတော် စာအုပ်ဆိုင် Thomson Baptist Church, 45 Thomson Rd, Singapore






မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076
E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 )) ((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))
မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်